# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်၊ ကြာသပတေးနေ့။ Thursday, 27 July 2017 (၈၉၉၈)


# လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director, Mr.Peter Batchelor အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ ဟီဘရူးတက္ကသိုလ် စိုက်ပျိုးရေးဘောဂဗေဒဌာန ပါမောက္ခ Prof.Ayal Kimhi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

Mr. Peter Batchelor နှင့်တွေ့ဆုံစဉ် တရားဥပဒေစိုးမိုးရေးနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးမှုများ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံအုပ်ချုပ်မှု၊ လူသားချင်းစာနာထောက်ထားမှုအကူအညီဆိုင်ရာကိစ္စရပ်များအပါအဝင် မြန်မာနိုင်ငံနှင့် UNDP တို့အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ဆွေးနွေးကြသည်။

ပါမောက္ခ Prof.Ayal Kimhi နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဟီဘရူးတက္ကသိုလ် ပါမောက္ခ Prof.Ayal Kimhi တို့ တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)


ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ
စာမျက်နှာ - ၅

YBS တွင် အမျိုးသမီးယာဉ်မောင်းများ လုပ်ကိုင်လိုပါက အထူးယာဉ်မောင်းသင်တန်းသို့ လာရောက်လျှောက်ထားနိုင်
စာမျက်နှာ - ၁၁




**ရန်ကင်းကလေးဆေးရုံ၌ လာရောက်ပြသလျက်ရှိသော ပြည်သူအချို့ကို တွေ့ရစဉ်။**

# ရန်ကင်းကလေးဆေးရုံ၌ H1N1 နှင့် H3N2 ကူးစက်ခံရသည့် ကလေးနှစ်ဦးတွေ့ရှိ

## ဝန်ကြီးဌာနအနေဖြင့် ဗိုင်းရပ်စ်ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ဆောင်မှုနှင့် ဆေးဝါးများလုံလောက်စွာ ထောက်ပံ့ထားဟုဆို

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းကလေးဆေးရုံတွင် H1N1 နှင့် H3N2 ရောဂါဝေဒနာရှင်ကလေးငယ်နှစ်ဦး စစ်ဆေးတွေ့ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က အတည်ပြုပြောကြားသည်။

"ရာသီတုပ်ကွေးထဲမှာ Type A, Type B, Type C ဆိုပြီး ရောဂါပိုးတွေရှိတယ်။ Type A မှာ H1N1နဲ့ H3N2 ရောဂါပါတယ်။ နှစ်ခုစလုံး ရောဂါလက္ခဏာအတူတူပါပဲ။ ဗိုင်းရပ်စ်မျိုးကွဲတွေရှိတယ်။ H ဆိုရင် ၁၈ အထိရှိတယ်။ N ဆိုရင် ၁၁ အထိရှိတယ်။ လက်ရှိကလေးနှစ်ဦးရဲ့ အခြေအနေက မနေ့ကထက် ဒီနေ့ပိုကောင်းတယ်လို့ ယူဆပါတယ်။ ပုံသေကားချပ်ကြီးနဲ့ တိုးတက်လာမယ်လို့ ပြောလို့မရသေးဘူး"ဟု ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က ပြောသည်။


စာမျက်နှာ ၉ ကော်လံ ၁ သို့ *





ကြေးမုံ

# ကြိုတင်ကာကွယ်ခြင်းဖြင့် ပူပန်မှုကင်းစင်

လူတို့အနေဖြင့် လူအများနှင့်သက်ဆိုင်သော အရေးကြီးကိစ္စရပ်တစ်ခု ဖြစ်ပေါ်လာလျှင် စိုးရိမ်ပူပန်တတ်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ သို့သော် ဖြစ်ပွားရသည့်ဇာစ်မြစ်ကို သေချာစေ့ငုလေ့လာမှုပြုပြီးမှ ပူပန်မှု၏ အတိမ်အနက်ကို ခွဲခြားရှုမြင်ပြီး လုပ်သင့်လုပ်ထိုက်သည်များ၊ ဆောင်သင့်ဆောင်ထိုက်သည်များ၊ ရှောင်သင့်ရှောင်ထိုက်သည်များကို ပြုလုပ်ကြရမည်ဖြစ်သည်။

ယခုတလော ပြည်သူလူထုကြားတွင် ပျံ့နှံ့စိမ့်ဝင်လာသောအရာမှာ H1N1 ဟုအမည်ရသော တုပ်ကွေးရောဂါဖြစ်သည်။ အဆိုပါရောဂါဖြစ်ပွားမှုနှင့်အတူ လူသေဆုံးမှုကိုပါကြားသိလာရသောအခါ ပြည်သူလူထုကြားတွင် စိုးရိမ်မှုမြင့်တက်လာသည်မှာအမှန်ဖြစ်သည်။ လက်ရှိကာလမှာ ရာသီတုပ်ကွေးရောဂါဖြစ်လေ့ရှိသောကာလဖြစ်ပြီး လူအများတုပ်ကွေးရောဂါဖြစ်လေ့ရှိသည်။ ထိုကာလတွင် H1N1 ဟုဆိုသည့် ကူးစက်မြန်သော တုပ်ကွေးရောဂါတွေ့ရှိသည်ဟု ကြားသိသည်နှင့် စိုးရိမ်မှုမြင့်တက်လာကြပေလိမ့်မည်။

ဇူလိုင်လ ၂၃ ရက်ညက ရန်ကုန်မြို့တွင် H1N1 ကောလာဟလသတင်းများစတင်ထွက်ပေါ်လာပြီး ကျန်းမာရေးဌာနက ဇူလိုင်လ ၂၄ ရက်နေ့တွင် တရားဝင်သတင်းထုတ်ပြန်အသိပေးခဲ့သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရာသီတုပ်ကွေး Type A(H3N2)၊ တုပ်ကွေး A (H1N1)နှင့် တုပ်ကွေး A (H1N1) Pdm-2009 ဟူ၍ အမျိုးအစားသုံးမျိုးရှိပြီး ယခုဖြစ်ပွားနေသော တုပ်ကွေးအမျိုးအစားမှာ A (H1N1) Pdm-2009 ဖြစ်ကြောင်းသိရသည်။ ယင်းရောဂါမှာ မြန်မာနိုင်ငံတွင် ၂၀၀၁ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ၁၇၆ ဦးဖြစ်ပွားကာ ယမန်နှစ်က ဖြစ်ပွားသူ ကိုးဦးရှိခဲ့သည်။

အဆိုပါရောဂါမှာ မြန်မာနိုင်ငံတွင်ဖြစ်ပွားလေ့ရှိပြီး မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးတွင်ဖြစ်ပွားသည့် ရာသီတုပ်ကွေးအမျိုးအစားဖြစ်ပြီး ဝက်တုပ်ကွေးဟုလည်းခေါ်ဆိုကြသည်။ အဆိုပါရောဂါကြောင့် ဆေးရုံတက်လူနာနှင့်လူသေဆုံးမှုတို့ကို လူမှုကွန်ရက်စာမျက်နှာများပေါ်သို့တက်လာသောအခါ စိုးရိမ်မှုဖြစ်ကြရသော်လည်း သက်ဆိုင်ရာတို့က အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်အသိပေးနေမှုတို့ကို လေ့လာပြီး အလွန်အကျွံစိုးရိမ်ပူပန်မှုမျိုး မဖြစ်သင့်ချေ။

ယခုဖြစ်ပွားနေသောရောဂါသာမက အခြားကူးစက်ရောဂါများအတွက်ပါ လေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်အားလုံးတွင် ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်နေသည်။ အဆိုပါရောဂါဖြစ်ပွားလျှင် ရာသီတုပ်ကွေး၊ ဝက်တုပ်ကွေးဟူ၍ ခွဲခြမ်းစိတ်စစ်လေ့လာပြီး ဝက်တုပ်ကွေးဖြစ်ပါက အထူးဂရုပြုစောင့်ကြပ်စစ်ဆေးကုသမှုခံယူရမည်ဖြစ်သည်။ အများပြည်သူတို့အနေဖြင့် အဆိုပါရောဂါမှာ ကာကွယ်နိုင်သောရောဂါဖြစ်၍ ကြိုတင်ကာကွယ်လုပ်ဆောင်မှုများ ပြုလုပ်ထားသင့်သည်။

ထိုရောဂါမဖြစ်စေရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပြုမူနေထိုင်ရေး၊ အသက်ရှူလမ်းကြောင်းအကာအကွယ်တပ်ဆင်ရေး၊ ချောင်းဆိုးချိန်နှင့်နှာချေချိန်တွင် တစ်ခါသုံးတစ်သျှူးဖြင့် နှာခေါင်းနှင့် ပါးစပ်ကိုပိတ်ထားရေး၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရေး၊ မိမိတွင် တုပ်ကွေးလက္ခဏာပြနေပါကဆေးရုံ၊ ဆေးခန်းသို့ပြသခြင်း၊ လူထူထပ်သောနေရာများသို့ မသွားခြင်း၊ အခြားလူများနှင့်အနည်းဆုံး တစ်မီတာအကွာတွင်နေခြင်း စသည်တို့ပြုလုပ်ရေး၊ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ခြင်း၊ နမ်းရှုပ်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ ရှောင်ကြဉ်ရေး၊ အသုံးပြုပြီး တစ်သျှူးများကို သေချာစွာစွန့်ပစ်ရေး၊ မသန့်ရှင်းသောလက်ဖြင့် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ကို မထိရေးတို့ကို သတိပြုလုပ်ဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါကူးစက်မြန်ရောဂါမဖြစ်ပွားရေးအတွက် အထက်ပါလိုက်နာလုပ်ဆောင်ရမည့်အချက်များကို သတိမူလုပ်ဆောင်ကြပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကိုယ်ခံအားကောင်းမွန်ရေးတို့ကို လူတိုင်းလူတိုင်း လုပ်ဆောင်ထားသင့်သည်။ မည်သည့်ရောဂါမဆို ရောဂါတစ်ခုအမြစ်တွယ်ဖြစ်ပွားလာလျှင် ခက်ခက်ခဲခဲကုသရပြီး ရောဂါမဖြစ်ပွားမီဆောင်ရန်၊ ရှောင်ရန်တို့ကို ဂရုပြုလုပ်ဆောင်ကာ ကြိုတင်ကာကွယ်တားဆီးထားခြင်းဖြင့် လူအများ စိုးရိမ်ပူပန်ရမှုများ လျော့နည်းသက်သာစေနိုင်မည်ဖြစ်သည်။ ။

# ရာသီတုပ်ကွေးရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေးညှိနှိုင်းအစည်းအဝေးကျင်းပ



**ရန်ကုန် ဇူလိုင် ၂၆**


ရာသီတုပ်ကွေးဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းဆိုင်ရာ အသိပေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက နေပြည်တော်၌ ပြုလုပ်သော ရာသီတုပ်ကွေးဆိုင်ရာ ဆွေးနွေးအတည်ပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လတ်တလောဖြစ်ပွားနေသော ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ ကုသရေးလုပ်ငန်းများအတွက် ဝေဘာဂီကူးစက်ရောဂါ(အထူးကု)ဆေးရုံကြီး အပါအဝင် ဆေးရုံကြီးများအလိုက် ပြင်ဆင်ထားရှိရန်နှင့် အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနကလည်း သွေးနမူနာများကို အချိန်မရွေး ဓာတ်ခွဲစမ်းသပ်ရေးလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် တုံ့ပြန်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဝန်ထမ်းများအတွက် ကာကွယ်ရေးအစီအမံများနှင့် လူထုအား ကျန်းမာရေးပညာပေးရန်နှင့် မှန်ကန်သောသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ရောဂါလက္ခဏာများ၊ ကုသသည့် နည်းလမ်းများ၊ ကာကွယ်ရန်နည်းလမ်းများ၊ ရောဂါရှာဖွေရေးနည်းလမ်းများ၊ လူထုကြား ပျံ့နှံ့နေသော လွဲမှားနေသည့် သတင်းအချက်အလက်များကို အချိန်မီ မှန်ကန်စွာ ထုတ်ပြန်နိုင်ရေးကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုသရေးဦးစီးမှူးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီးများ၊ အထူးကုသမားတော်ကြီးများ၊ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်ကျန်းမာရေးဌာနတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**




# လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇) စေတနာအလင်းအိမ်ပညာဒါနသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမေက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်များ ယခုလို အသေးစားစက်မှုလက်မှုသင်တန်းတက်ရောက်ခြင်းဖြင့် မိမိတို့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းကျောင်းမှာ (၅)ကြိမ်မြောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး စေတနာအလင်းအိမ်ပညာဒါနသင်တန်း နာယက ဦးဝင်းထွဋ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်သင်ကြားမည်ဖြစ်ပြီး ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ သွားတိုက်ဆေးထုတ်လုပ်မှုများကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်(ရွှေဈေး) ၉၀၅၀၀ - ၉၀၅၀၀ မန္တလေး(ရွှေဈေး) ၉၀၅၀၀ - ၉၀၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၆၅ ကျပ်၊ | ၆၅၀/၆၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၀/၇၁၅ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၈၅ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၀/၆၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၅/၆၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၈၅/၆၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၃. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၆. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၁. ၈၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၇၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၈. ၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၇၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၇၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၁. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၀. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ





## ဒုတိယသမ္မတမှ

မန္တလေးတိုင်းဒေသကြီး အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာရှိ အဆိုပါ စီမံကိန်းဧရိယာအတွင်းကျင်းပရာ ဒုတိယသမ္မတဦးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ဝင်း၊ ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ဝင်းနှင့်ဦးဝင်းခိုင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးဦးကျော်လင်း၊ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာရဲလွင်၊ လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်တို့နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသာဌေးတို့က သတ်မှတ်နေရာများတွင် ပန္နက်တော်တင်၊ တွင်းတော်ဝန်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာ စီမံကိန်းပန္နက်တော်တင်မင်္ဂလာအခမ်းအနားနှင့်စပ်လျဉ်း၍ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ပန္နက်တော်တင်ပေးပြီး အမွှေးနံ့သာများဖြင့်ပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း**သည် မန္တလေးတောင်တော်အရှေ့ဘက်ရှိ ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကျေးရွာအနီး၌ တည်ရှိပြီး စီမံကိန်းတစ်ခုလုံး၏ဧရိယာမှာ ၃၃ ဒသမ ၂၂ ဧကရှိပြီး ယခု ပန္နက်တော်တင်သည့်နေရာသည် ရှစ်ခန်းတွဲ ငါးထပ်အငှားအိမ်ရာ တည်ဆောက်မည့် မြေနေရာဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းတွင် အငှားအိမ်ရာများအနေဖြင့် ၂၄ ခန်းတွဲ ငါးထပ်သုံးလုံး၊ ရှစ်ခန်းတွဲ ငါးထပ် ၁၅ လုံးနှင့် အရောင်းအိမ်ရာများအနေဖြင့် လေးခန်းတွဲ ငါးထပ် ၁၄ လုံး လျာထားတည်ဆောက်သွားမည်ဖြစ်ပြီး ၎င်းစီမံကိန်းဧရိယာအတွင်း ရဲစခန်း၊ မီးသတ်စခန်း၊ အခြေခံပညာ အလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ ပန်းခြံ၊ အားကစားကွင်း၊ ဓမ္မာရုံ၊ ဈေးဆိုင်ခန်းများ၊ ရေပေးဝေရေးရေကန်နှင့် အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများ ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယသမ္မတအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဒုဋ္ဌဝတီမြစ်ပေါ်၌ဆက်လက်ဆောင်ရွက်သွားမည့်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထုတ်လုပ်မှုအခြေအနေများကိုလည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းက ရဲရွာရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တမံထိန်းသိမ်းခြင်းနှင့် ထပ်မံဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကကျသည့်လိုအပ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်ပြီး နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးတွင်းကာလအတွင်း ရေအားလျှပ်စစ်မှရရှိလာသည့် လျှပ်စစ်ဓာတ်အားများကို အပြည့်အဝအသုံးချသွားရန်နှင့် အလေအလွင့်မရှိအောင် ထိန်းသိမ်းသွားရန်လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိသုံးစွဲနိုင်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းများကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ချက်စီမံဆောင်ရွက်ကြရမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍လည်း စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှု စစ်ဆေးနေကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိုလည်း ထိုက်သင့်သလို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တမံရှုရပ်သို့ရောက်ရှိပြီး ရဲရွာတမံနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကိုကြည့်ရှုကာ သက်တမ်း နှစ်သန်းပေါင်း ၅၅၀ ခန့်ရှိ အသွင်ပြောင်းသဲကျောက်တုံး၌ မှတ်တမ်းတင်ကမ္ပည်းလက်မှတ်ရေးထိုးသည်။

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် အလျား ၂၂၆၄ ပေ၊ အမြင့် ၄၃၃ ပေရှိ Roller Compacted Concrete (RCC) ရဲရွာရေလှောင်တမံကိုအမှီပြုတည်ဆောက်ထားခြင်းဖြစ်ပြီး စက်တပ်ဆင်စွမ်းအား ၇၉၀ မဂ္ဂါဝပ်ရှိကာ တပ်ဆင်ထားသည့် ဒီဇိုင်းအရတစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်း ၃၅၅၀ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Bhim K. Udas နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ(၁)၌ သီးခြားစီ တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့်တွေ့ဆုံရာ၌ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမှာ နည်းပါးနေသေးသည့်အတွက် ကုန်သွယ်မှုတိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်နိုင်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်စည်ပြပွဲများ အပြန်အလှန် ကျင်းပနိုင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းအား ဆက်လက်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝများ ကောင်းမွန်စေရေး၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## တရုတ်နှင့် ပါကစ္စတန်မှ

ပေါ်ခါစတပေါင်းလတွင် တစ်ပိဿာငွေကျပ် ၁၂၀၀ ဖြင့် အဖွင့်ဈေးစတင်ခဲ့သော်လည်း မေလကုန်လောက်တွင် တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ငွေကျပ် ၁၇၀၀ ဈေးဖြင့် ဝယ်ယူခဲ့ပြီး ယခုဇူလိုင်လအတွင်း ပါကစ္စတန်နိုင်ငံမှ စတင်ဝယ်ယူလာမှုကြောင့် ၎င်းနိုင်ငံနှင့်အပြိုင် တရုတ်မှ ငွေကျပ် ၁၈၀၀ နှုန်းဖြင့် ဈေးပေးဝယ်ယူလာကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝယ်ယူလိုသော်လည်း ပို့ဆောင်မှုအခက်အခဲများရှိနေကြောင်း ၎င်းကဆက်လက်ပြောသည်။

လက်ရှိမန္တလေးဈေးကွက်တွင် အစေ့ပါမန်ကျည်းတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ နှုန်း၊ အစေ့လွတ် မန်ကျည်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် အရောင်းသွက်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံမှ မန်ကျည်းစေ့ကို တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ရသလောက်ဝယ်ယူနေမှုကြောင့် လက်ကျန်ပင်မရှိတော့ကြောင်း သိရသည်။

မကျည်းကို ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်းမြို့နယ်တို့မှ မန္တလေးဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိပြီး မြန်မာပြည်အလယ်ပိုင်းဒေသများတွင် အဓိကပေါက်ရောက်ရှင်သန်နေသည့် မန်ကျည်းပင်များမှထွက်ရှိသော ထွက်ကုန်များသည် မီးဖိုချောင်သုံးအဖြစ်သာမက ဆေးဖော်စပ်ရာတွင်လည်း အသုံးပြုလျက်ရှိသည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါတင်ပို့ရောင်းချနေရသဖြင့် ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုး၍ ထိန်းသိမ်းသင့်ကြောင်း ၎င်းက အကြံပြုပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရောဝတီမှ

ကျော်လွန်နေပြီးနောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါ မြစ်ကမ်းများအနီးတွင် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

# ရန်ကုန်မြစ်ရေ မြင့်တက်မှုကြောင့် ဒလမြို့နယ်အတွင်း မြေနိမ့်ပိုင်းနှင့်မြစ်ကမ်းဘေး ရေဝင်မှုဖြစ်ပွား

**ဒလ ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ယခုရက်ပိုင်းအတွင်း ရန်ကုန်မြစ်ရေမြင့်တက်မှုကြောင့် သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန်ကူးတို့ဆိပ်ကမ်းများ၌ ရေပြည့်လျှံခြင်းတို့ကြောင့် မြစ်၊ ချောင်းကမ်းပါးအနီး နေထိုင်သူများနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသော ရပ်ကွက်များအတွင်းတို့တွင် ရေထရက်ဖြစ်သော ဝါတွင်းကာလ၌ ၁၅ ရက်လျှင် (ရေထ)ရက် သုံးကြိမ်ဖြစ်ပေါ်တက်ပြီး နောက်ဆုံးတစ်ကြိမ်မှာ ချောင်းရေကြီးမှုကြောင့် ရေများဆက်လက်မြင့်တက်၍ ရေကြီးရေနစ်မြုပ်မှုများဖြစ်ပေါ်ခြင်းမရှိဘဲ ဒီရေအတက်၊ အကျနှင့် ရေစီးရေလာကောင်းမွန်မှုတို့ကြောင့် ရေနစ်မြုပ်မှုအန္တရာယ်မစိုးရိမ်ရကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဒလမြို့နယ်၌ ရေနစ်မြုပ်နေခြင်းသတင်းမှာ ကောလာဟလများဖြစ်ကြောင်း၊ မြစ်ရေတက်သော်လည်း ပြန်လည်ပြီး ရေကျသွားကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။



နှစ်စဉ် မိုးရာသီကာလ ဝါဆို-ဝါခေါင်လများအတွင်း၌ လပြည့်ကျော်လွန်ပြီးရက်များနှင့် လကွယ်၊ လဆန်း၊ လပြည့်ကျော်ရက်များတွင် တစ်လလျှင်ခြောက်ကြိမ် ခန့်အနည်းဆုံး ရန်ကုန်မြစ်ရေမှာ မြင့်တက်လာလျက်ရှိပြီး မြို့နယ်အတွင်းရှိ ချောင်း၊ မြောင်းများအတွင်း ရေပြည်ရေလျှံခြင်းတို့ ဖြစ်ပေါ်လျက်ရှိရာ မြို့နယ်အတွင်းရှိ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ခြင်း၊ ရေစွဲအားကောင်းမွန်ခြင်းနှင့် ပင်လယ်ဒီရေအတက်၊ အကျ မှန်ကန်ခြင်းတို့ကြောင့် ရေမှာအမြဲစီးဆင်းနေလျက်ရှိပြီး ဝါထပ်သောနှစ်များ၌ ရေဝင်ရောက်မှုကို အများဆုံးတွေ့ကြုံလျက်ရှိကြောင်း ဒေသခံရေကြောင်းကျွမ်းကျင်သူများက သုံးသပ်ပြောဆိုကြသည်။

မိုးရာသီကာလအတွင်း မြစ်ချောင်းများ၌ ရေပြည့်ရေလျှံခြင်းဖြစ်ပေါ်လျက်ရှိရာ မှော်စက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်ရှိန်က “ဒလမြို့က ရန်ကုန်မြစ်၊ ပင်လယ်ဝတို့နဲ့က အလွန်နီးကပ်စွာတည်ရှိတဲ့ မြေပြန့်လွင်ပြင် ဒေသတစ်ခုဖြစ်ပါတယ်။ ဒါပေမယ့် အန္တရာယ်ဖြစ်အောင် ရေကြီးခြင်း၊ ရေနစ်မြုပ်ခြင်းတို့ တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးဘူး။ ချောင်းကောင်းရင် ရေစီးကောင်းမှာပါ။ ညနေ ၃ နာရီဆို ရေတက်ပြီး ၆ နာရီ လောက်ဆို ရေပြန်ကျသွားလို့ လမ်းပေါ်လာတယ်။ ကလေးတွေကို မြစ်ချောင်းအနီးမှာ ရေဆင်းမကစားဖို့ ပြောချင်ပါတယ်။ ရေမြုပ်တာက မြစ်ကမ်းဘေးနေအိမ်တွေနဲ့ မြေနိမ့်ပိုင်း ရပ်ကွက်အတွင်းရှိ နေအိမ် အနည်းစုတွေပါ။ အများဆုံးရေတက်ရင် တစ်ပေနီးပါးလောက်တက်ပါတယ်” ဟု ပြောသည်။ ဒလမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းပါးအနီးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သည့် ကမာကဆစ်ရပ်ကွက်နှင့် မှော်စက်ရပ်ကွက်တို့၌ ရေထရက်ဖြစ်သည့် ဇူလိုင် ၂၄ ရက်၊ ၂၅ ရက်တို့တွင် ညနေ ၃ နာရီမှစတင်ပြီး ညနေ ၆နာရီအထိ လမ်းမပေါ်၌ မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး အဆိုပါမြစ်ရေမှာ အတက်၊ အကျ ပုံမှန်စီးဆင်းသွားကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပါရှန်ပင်လယ်ကွေ့မြောက်ဘက်စွန်း၌ အမေရိကန်စစ်သင်္ဘောက အီရန်မော်တော်ဘုတ်တစ်စင်းကို သတိပေးပစ်ခတ်ခဲ့ရ



**ဝါရှင်တန် ဇူလိုင် ၂၆**
အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စင်းသည် ဇူလိုင် ၂၅ ရက်က ပါရှန်ပင်လယ်ကွေ့မြောက်ဘက်စွန်း၌ သွားလာနေစဉ် ယင်းစစ်သင်္ဘောအနီးအပါးသို့ မောင်းနှင်လာသော အီရန်ကင်းလှည့်မော်တော်ဘုတ် တစ်စင်းကို သတိပေးပစ်ခတ်မှုပြုလုပ်ခဲ့ရကြောင်း အမေရိကန်မီဒီယာများက ထုတ်ပြန်ကြေညာသည်။

အမေရိကန်ရေတပ်၏ 'မိုးကြိုး'ဟု အမည်ပေးထားသော စစ်သင်္ဘောသည် ပါရှန်ပင်လယ်ကွေ့ကို ဖြတ်သန်းစဉ် အီရန်ကင်းလှည့်မော်တော်ဘုတ်တစ်စင်းက အနီးသို့ မောင်းနှင်လာခဲ့ကြောင်း၊ ရေယာဉ်နှစ်စင်းသည် ၁၃၇ မီတာ(ကိုက် ၁၅၀) ခန့်သာကွာဝေးခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့မှ အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်စစ်သင်္ဘောက အနီးသို့ မောင်းနှင်လာသော အီရန်ရေယာဉ်နှင့် အဆက်အသွယ်ရရှိရန် ဆောင်ရွက်ခဲ့သော်လည်း တုံ့ပြန်မှုမရှိသဖြင့် သတိပေးပစ်ခတ်ခဲ့ကြောင်း၊ သတိပေးပစ်ခတ်မှုအပြီးတွင် အီရန်ရေယာဉ်က ဆက်လက်မောင်းနှင်ခြင်းမရှိတော့ဘဲ အနီးပတ်ဝန်းကျင် ပင်လယ်ပြင်အတွင်း ရပ်ဆိုင်းနေခဲ့ကြောင်း အမည်မဖော်သူ တာဝန်ရှိသူက ပြောကြားသည်။

ယခင်ကလည်း အမေရိကန်စစ်သင်္ဘောများနှင့်အီရန်သင်္ဘောများအကြား အနီးကပ်ချဉ်းကပ်မှုဖြစ်ရပ်များ ဖြစ်ပွားခဲ့ဖူးသည်။ ယခုနှစ်မတ်လက ဟောမုဇ်ရေလက်ကြားတွင် ဖြစ်ပွားခဲ့သည့်ချဉ်းကပ်မှုတွင် အမေရိကန်ရေတပ်ထောက်လှမ်းရေး စစ်သင်္ဘောက ယင်း၏ခရီးလမ်းကြောင်းကို မပြောင်းလဲဘဲ ဆက်လက်မောင်းနှင်ခဲ့သည်ဆို၏။

**ဆင်ဟွာ။**

# ဒိုခလမ်နယ်မြေမှ အိန္ဒိယတပ်ဖွဲ့ရုပ်သိမ်းပေးခြင်းမရှိပါက အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးပွဲမရှိနိုင်ဟု တရုတ်နိုင်ငံပြော

**ပေကျင်း ဇူလိုင် ၂၆**
ပိုင်နက်အငြင်းပွားမှုဖြစ်ပွားနေသည့် ဒိုခလမ်နယ်မြေအတွင်းမှ အိန္ဒိယတပ်ဖွဲ့များ ခြွင်းချက်မရှိ ရုပ်သိမ်းပေးခြင်းမရှိသမျှကာလပတ်လုံး မိမိတို့နှစ်နိုင်ငံအကြား အဓိပ္ပာယ်ပြည့်ဝသည့် ဆွေးနွေးပွဲ ဖြစ်ပေါ်လာနိုင်မည်မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဇူလိုင် ၂၆ ရက်တွင် ပြောကြားသည်။

ဒိုခလမ်နယ်မြေပိုင်နက် အငြင်းပွားမှုနှင့်ပတ်သက်၍ တရုတ်အစိုးရအဖွဲ့အထက်တန်းတာဝန်ရှိသူတစ်ဦးက ပထမဆုံးအကြိမ် မှတ်ချက်ပေးပြောကြားခြင်းဖြစ်သည်။

တောင်တန်းထူထပ်သည့် ဒေသရှိ ဆစ်ခင်ဒေသနှင့်ကပ်လျက်တည်ရှိသော ဒိုခလမ်ကုန်းမြင့်ဒေသနှင့် သက်ဆိုင်နေသည့် ပိုင်နက်အငြင်းပွားမှု ပြဿနာသည် အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံဖြစ်ကြသော တရုတ်နှင့် အိန္ဒိယအကြား လတ်တလောဖြစ်ပေါ်နေသည့် တင်းမာမှု၏ အခြေခံအကြောင်းတရားဖြစ်သည်။

ဒိုခလမ်နယ်မြေအတွင်း တရုတ်တပ်ဖွဲ့ဝင်များက လမ်းတစ်လမ်းဖောက်လုပ်မှုကို အိန္ဒိယတပ်ဖွဲ့ဝင်များက တားဆီးရာမှအစပြု၍ နှစ်နိုင်ငံနယ်စပ်ဒေသနယ်မြေပိုင်ဆိုင်မှု အငြင်းပွားသည့် ပြဿနာစတင်ခဲ့သည်။ ဘူတန်၊ အိန္ဒိယနှင့် တရုတ်သုံးနိုင်ငံနယ်မြေများ ပေါင်းဆုံသည့် နေရာအနီးတွင် ဒိုခလမ်နယ်မြေတည်ရှိသည်။ ဒိုခလမ်ဟူသော ဝေါဟာရသည် ဘူတန်ဘာသာစကားအရ မှည့်ခေါ်ထားသော အမည်ဖြစ်သည် ဆို၏။

ဒိုခလမ်ကုန်းမြင့်ဒေသ၌ အိန္ဒိယနှင့်တရုတ်တပ်ဖွဲ့များ တင်းမာလျက်ရှိသဖြင့် ဝေးလံသီခေါင်သော တိဘက်ဒေသအတွင်းသို့ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြည်းတပ်က စစ်ဘက်သုံး ကိရိယာတန်ချိန်ပေါင်းများစွာကို ရွှေ့ပြောင်းခဲ့သည်ဟု သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ၏ အထက်ပါမှတ်ချက်စကားသည် ဒိုခလမ်နယ်မြေပိုင်နက်အငြင်းပွားမှုနှင့်ပတ်သက်၍ တရုတ်အစိုးရအဖွဲ့၏ ပြတ်သားသော သဘောထားရပ်တည်ချက်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဌာနပြောခွင့်ရပုဂ္ဂိုလ်လုကန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သို့ရာတွင် ဒိုခလမ်နယ်မြေ၌ နှစ်ဖက်တပ်ဖွဲ့များက တစ်နိုင်ငံလျှင် စစ်သည် ၃၀၀၀ ကျော်အထိ ဖြန့်ကြက်ထားသည်ဆိုသော မီဒီယာသတင်းများပေါ်ထွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြောခွင့်ရပုဂ္ဂိုလ်က တုံ့ပြန်ပြောကြားခြင်းမရှိပေ။

အငြင်းပွားနယ်မြေအတွင်းမှ အိန္ဒိယတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးခြင်းမရှိပါက မိမိတို့နှစ်နိုင်ငံအကြား အဓိပ္ပာယ်ပြည့်ဝသည့် ဆွေးနွေးမှုဖြစ်ပေါ်လာမည်မဟုတ်ဟု ပြောခွင့်ရပုဂ္ဂိုလ်က ဝန်ကြီးဝမ်ယီ၏ သဘောထားရပ်တည်ချက်ကို ထပ်လောင်းပြောကြားသည်။

**ရိုက်တာ၊ ပီတီအိုင်။**

# ယီမင်နိုင်ငံတွင် ကာလဝမ်းရောဂါကူးစက်သူဦးရေ ကိုးသိန်းကျော်ထိ မြင့်တက်

**ကျိုတို ဇူလိုင် ၂၆**
ယီမင်နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကာလဝမ်းရောဂါကူးစက်ပျံ့ပွားမှုသည် ဒီဇင်ဘာလထိတိုင် ပပျောက်ခြင်းမရှိနိုင်ကြောင်းနှင့် ယခုအချိန်တွင် ရောဂါကူးစက်ခံရသူဦးရေသည် ၉၁၀၀၀၀ ခန့် မြင့်တက်ခဲ့ပြီဖြစ်ကြောင်း ဂျပန်သုတေသီများ၏ ပြောကြားချက်ကိုကိုးကားပြီး အင်န်အိတ်ချ်ကေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယီမင်နိုင်ငံတွင် အဆိုပါ ကာလဝမ်းရောဂါသည် ကာလရှည်ကြာဖြစ်ပွားလျက်ရှိသည့် ပြည်တွင်းစစ်ပွဲများ၏ နောက်ဆက်တွဲဆိုးကျိုးဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလျော့နည်းခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ ကာလဝမ်းရောဂါသည် ယခုနှစ်ဧပြီလကစတင်ပျံ့နှံ့ခဲ့ပြီး ကူးစက်ခံရသူဦးရေ ၃၆၂၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇူလိုင် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါကူးစက်ရောဂါသည် ယခုနှစ် ဒီဇင်ဘာလအထိ ဆက်လက်ကူးစက်ပျံ့နှံ့နိုင်ဖွယ်ရှိသည်ဟု ဟွတ်ခိုင်ဒိုတက္ကသိုလ်ပါမောက္ခ ဟီရိုရှိ နီရှိုရာဦးဆောင်သည့် လေ့လာရေးအဖွဲ့က ခန့်မှန်းပြောကြားခဲ့သည်။

ယီမင်နိုင်ငံအတွင်းအပတ်စဉ် ရောဂါကူးစက်သည့် အချက်အလက်များကို လေ့လာစောင့်ကြည့်ခဲ့ရာ ကူးစက်သူဦးရေသည် ၉၁၀၀၀၀ အထိ မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရသည်ဟု တက္ကသိုလ်ပါမောက္ခ ဟီရိုရှိ နီရှိုရာက ဆိုသည်။

ယခုဖြစ်ပွားလျက်ရှိသော ကာလဝမ်းရောဂါသည် ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးသော ကာလဝမ်းရောဂါကူးစက်ပျံ့နှံ့မှုဖြစ်ကြောင်း၊ ၎င်းတို့လေ့လာတွေ့ရှိချက်များကိုကိုးကားပြီး ရောဂါထိန်းချုပ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်လုပ်ဆောင်ရန်လိုအပ်ကြောင်း ဟွတ်ခိုင်ဒိုတက္ကသိုလ်ပါမောက္ခ ဟီရိုရှိ နီရှိုရာဦးဆောင်သည့် လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။

ထို့ပြင် ယီမင်နိုင်ငံသို့ နိုင်ငံတကာမှ ဆရာဝန်များ ပေးပို့ခြင်း၊ သန့်ရှင်းသော သောက်သုံးရေများနှင့် ဆေးဝါးများပေးပို့ခြင်းကဲ့သို့သော အကူအညီများ လိုအပ်လျက်ရှိကြောင်း ၎င်းအဖွဲ့ကဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**





# မက္ကဆီကိုနိုင်ငံတောင်ပိုင်း၌ ငွေသယ်ဆောင်လာသည့်ကား လုယက်ခံရ

**မက္ကဆီကိုစီးတီး ဇူလိုင် ၂၆**
မက္ကဆီကိုနိုင်ငံတောင်ပိုင်း အာကျူယိုဇင်ဂိုပြည်နယ်၌ လူမှုဖူလုံရေးလုပ်ငန်းအတွက် အသုံးပြုမည့် ရန်ပုံငွေများသယ်ဆောင်လာသည့် မော်တော်ယာဉ်လုယက်တိုက်ခိုက်ခံရသဖြင့် ရဲတပ်ဖွဲ့ဝင်ငါးဦးနှင့်ဘဏ်ဝန်ထမ်းနှစ်ဦးတို့ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ဘဏ်ဝန်ထမ်းများလိုက်ပါလာသော ငွေတင်ဆောင်လာသည့်ကားသည် တောင်ကြားလမ်း၌ ဖြတ်သန်းနေစဉ် လုယက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေနတ်သမားများက အမေရိကန်ဒေါ်လာ ၅၅၀၀၀ ကို လုယက်ယူဆောင်ကာ ထွက်ပြေးသွားခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မက္ကဆီကိုစစ်ဘက်နှင့် ရဲတပ်ဖွဲ့တို့က ယင်းလုယက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေပြီး ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးနိုင်ခြင်းမရှိသေးပေ။ မက္ကဆီကိုအစိုးရ၏အစီအစဉ်အရ ဒေသတွင်းရှိ ဆင်းရဲနွမ်းပါးသူများအား တာဝန်ရှိသူများက ထောက်ပံ့ပေးမည့်ငွေကို လုယက်ခဲ့ခြင်းဖြစ်သည်။

အသတ်ခံခဲ့ရသော ဘဏ်ဝန်ထမ်းနှစ်ဦးမှာ ဖွံ့ဖြိုးရေးဘဏ်မှဝန်ထမ်းများဖြစ်ကြပြီး ဘဏ်ဝန်ထမ်းတစ်ဦးမှာ ဒဏ်ရာရရှိခဲ့ပြီး ရဲတပ်ဖွဲ့ထံ သတင်းပို့တိုင်ကြားခဲ့သည်။

**ဆင်ဟွာ။**

# ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၄)ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သက်တမ်းကုန်ဆုံး၍ လစ်လပ်လာမည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌရာထူးနေရာများတွင် ဦးစိုးမင်း၊ ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့အားလည်းကောင်း၊ ဒါရိုက်တာအဖွဲ့ဝင်ရာထူးနေရာများတွင် ဦးကျော်မင်းထွန်း၊ ဦးမြင့်သိန်းထွန်း၊ ဦးစိုးပိုင်၊ ဒေါ်ရီရီဝင်းနှင့် ဒေါ်ခင်မေလှတို့အားလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်စည်အချို့အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ကင်းလွတ်ခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထူးကုန်စည်ခွန်ဥပဒေတွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကျသင့်သော အထူးကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့်သက်သာခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)တွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသော ကုန်စည် ၈၇ မျိုးကို ဖော်ပြထားရာ "ရွှေစင်ရွှေတုံး" ပါဝင်ခြင်းမရှိသည့်အတွက် ယင်းကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းနှင့် ပြည်တွင်းတွင် ကုန်သွယ်မှုပြုခြင်းတို့အတွက် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကျသင့်စေရမည်ဖြစ်ပါကြောင်း။

စိန်နှင့်မြတို့သည် ပြည်တွင်းတွင် ထုတ်လုပ်မှုမရှိသည့်အတွက် တည်ဆဲအထူးကုန်စည်ခွန်ဥပဒေအရ ပြည်တွင်းထုတ်လုပ်မှုအပေါ်တွင် အထူးကုန်စည်ခွန် ကောက်ခံရရှိနိုင်မည်မဟုတ်ပါကြောင်း၊ ပြည်ပမှတင်သွင်းမှုအပေါ်တွင်သာ အထူးကုန်စည်ခွန် ကောက်ခံရရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ စိန်နှင့်မြတို့အား အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းတွင် ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် ပြည်ပမှစရိတ်သက်သာစွာဖြင့် တရားဝင်တင်သွင်းနိုင်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့ကဲ့သို့ လက်ခစားကျောက်သွေးလုပ်ငန်း လုပ်ဆောင်ခြင်းဖြင့် ကျောက်သွေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ခြင်း၊ ပြည်တွင်းတွင် အလုပ်အကိုင် အခွင့်အလမ်းများရရှိလာနိုင်ခြင်း၊ ကျောက်သွေးပညာရပ် ပိုမိုတိုးတက်လာပြီး ပြည်တွင်းထွက် ကျောက်စိမ်းကျောက်မျက်နှင့် ပတ္တမြားကဲ့သို့သောကျောက်မျက်များအတွက်ပါ ကုန်ချောကုန်စည်အဖြစ် ထုတ်လုပ်နိုင်မည်ဖြစ်ခြင်းနှင့် နိုင်ငံတကာအဆင့်မီ ကုန်ချောကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချပါက ဈေးနှုန်းပိုမိုရရှိနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ပါကြောင်း။

ကျောက်မျက်ရတနာဖြစ်သော စိန်နှင့်မြတို့ကို ပြည်ပမှတင်သွင်းလာခြင်းအပေါ် အထူးကုန်စည်ခွန်ကောက်ခံခြင်းနှင့် ရွှေစင်ရွှေတုံးတို့အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ပါရန် စိန်နှင့်မြတို့အား အထူးကုန်စည်ခွန် မကျသင့်သည့် ကုန်စည်အဖြစ်လည်းကောင်း၊ ရွှေစင်ရွှေတုံးအား ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အဖြစ်လည်းကောင်း အထူးကုန်စည်ခွန်ဥပဒေနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများအရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို အဖွဲ့ဝင်ဦးနေမျိုးထွန်းကလည်းကောင်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင်ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော **အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍** အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၁၆ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်က ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား တိုင်းရင်းသားဘာသာများဖြင့် ဖြန့်ချိသကဲ့သို့ အထက်တန်းကျောင်း၊ တက္ကသိုလ်များတွင် ကျောင်းသုံးသင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ကော်မရှင်မှ အထူးဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတစ်ဝန်း ကျေးရွာစာကြည့်တိုက်များနှင့် စာသင်ကျောင်း၊ စာကြည့်တိုက်များတွင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းစာအုပ်များကို အခမဲ့ဖြန့်ချိပေးပါရန် အကြံပြုတင်ပြပါကြောင်း၊ သို့မှသာ လူ့အခွင့်အရေးအသိပညာဖွံ့ဖြိုးတိုးတက်လာပြီး ယဉ်ကျေးသည့် လူ့ဘောင်တစ်ရပ်ဖြစ်လာအောင် အမျိုးသားရေး တာဝန်တစ်ရပ်ကဲ့သို့ခံယူပြီး ဝိုင်းဝန်းကူညီကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးသည်။

အလားတူ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဒေါ်ရွှေရွှေစိန်လတ်၊ ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင်၊ မော်လိုက်မဲဆန္ဒနယ်မှဒေါ်ချိုချိုဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒ နယ်အမှတ်(၉)မှ ဦးဖေချစ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်းတို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊အေးအေးသန့်(သတင်းစဉ်)**

# မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော မြန်မာ့ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲကို ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော အငြိမ့်အဖွဲ့များအနေဖြင့် ပြိုင်ပွဲဝင်လျှောက်လွှာများကို ရန်ကုန်မြို့၌ ဟံသာဝတီအဝိုင်းထိပ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းဘေးရှိ 4TV Main Showroom၊ မန္တလေးမြို့၌ အခန်း နံပါတ် (D-206) ရွှေဖြူပလာဇာ ဒုတိယထပ် (၃၃)လမ်းနှင့် ဇောတိကလမ်းထောင့်၊ (၇၇)လမ်းနှင့် (၇၈)လမ်းကြား ချမ်းအေးသာစံမြို့နယ်တို့တွင် ထုတ်ယူနိုင်ပြီး ဩဂုတ် ၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာတိုးတက်စေရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်သည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့နံနက် ၁၀ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင် အမှတ်( I - 11) ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် တရုတ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်ပေးနိုင်မှုနှင့် ပါဝင်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုခိုင်မာတိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များ သုံးစွဲမှုနှင့်ပတ်သက်၍ တပ်မတော်၏သဘောထားထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၆**

စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များသုံးစွဲမှုနှင့် ပတ်သက်၍ တပ်မတော်၏ သဘောထားထုတ်ပြန်ချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ရှိ Great လက်ဖက်ရည်ဆိုင်ရှေ့၌ ဇူလိုင် ၂၂ ရက်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည့် သတင်းရေးသားဖော်ပြရာတွင် နေ့စဉ်ထုတ်သတင်းစာအချို့၌ လဝါယန်ပြည်သူ့စစ်အဖွဲ့မှ စီးပွားရေးတာဝန်ခံ ဗိုလ်မှူးနော်ဆန်း သေဆုံးခဲ့သည်ဟုလည်းကောင်း၊ အချို့နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များ၊ သတင်းဌာနများတွင် ဗိုလ်မှူးအဆင့်ရှိ လဂိုင်နော်ဆန်းဟုလည်းကောင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်မှုထမ်းများသာ သုံးစွဲခွင့်ရှိသည့် ဗိုလ်မှူးဆိုသည့် စစ်ဘက်ရာထူးအဆင့်ကို ရေးသားဖော်ပြခဲ့ပါကြောင်း။

မြန်မာနိုင်ငံရှိ သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ဖွဲ့စည်းထားသော ပြည်သူ့စစ်အဖွဲ့များတွင် ရာထူးအဆင့်များ သီးခြားသတ်မှတ်ခေါ်ဝေါ်သုံးစွဲခြင်းမရှိဘဲ ကြီးကြပ်ရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်ဟူ၍သာ ခေါ်ဝေါ်သုံးစွဲကြောင်း၊ စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များ သုံးစွဲမှုနှင့်ပတ်သက်၍ကန့်သတ်ထားသည့် ဥပဒေအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၂၆/၈၉)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါကြောင်း။

အဆိုပါဥပဒေ၏ အခန်း(၁)ပုဒ်မ ၂(က၊ ခ)တို့တွင် စစ်ဘက်ရာထူး၊ အဆင့်၊ အခေါ်အဝေါ်ဆိုသည်မှာ တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် သတ်မှတ်သုံးစွဲသည့် ရာထူး၊ အဆင့်အခေါ်အဝေါ်ကို ဆိုလိုသည်ဟု ဖော်ပြထားရှိကြောင်း၊ သို့ဖြစ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်မှုထမ်းများသာ သုံးစွဲခွင့်ရှိသည့် စစ်ဘက်ရာထူး၊ အဆင့်အခေါ်အဝေါ်များအား အခြားသော မသက်ဆိုင်သည့် အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များ၏ ကိစ္စရပ်များတွင် ခေါ်ဝေါ်သုံးစွဲခြင်း၊ ရေးသားဖော်ပြခြင်းများ မပြုလုပ်ရန် တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်စွာသုံးစွဲရန်လိုအပ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**(သတင်းစဉ်)**

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇။)**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

၃။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော“ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ကုန်စည်များကို”ဆိုသည့် စကားရပ်ကို“ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်ခွန်ကျသင့်စေမည့် အထူးကုန်စည်များကို”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဃ) တွင်ပါရှိသော“ကုန်စည်များ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ ပါဝင်သည့်အပြင်” ဆိုသည့်စကားရပ်ကို “ကုန်စည်များထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်း၊ စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း လုပ်ငန်းများ ပါဝင်သည့်အပြင်”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၃) တွင်ပါရှိသော “လက်ဖြင့်ဖြစ်စေ ထုတ်ယူခြင်း”ဆိုသည့် စကားရပ်ကို“လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဆ) တွင်ပါရှိသော“ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ”ဆိုသည့် စကားရပ်ကို“ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်လဲလှယ်ခြင်း စနစ်ဖြင့်ဖြစ်စေ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော “ထုတ်လုပ်သူက လွှဲအပ်သည့် အထူးကုန်စည်” ဆိုသည့် စကားရပ်ကို “တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူက လွှဲအပ်သည့်အထူးကုန်စည်” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) ပုဒ်မခွဲ (စ) တွင်ပါရှိသော “ပြည်ပမှ တင်သွင်းသူ” ဆိုသည့် စကားရပ်ကို “ပြည်တွင်းသို့ တင်သွင်းသူ” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ည) တွင်ပါရှိသော “ပြည်ပမှ တင်သွင်းသော” ဆိုသည့်စကားရပ်ကို “ပြည်တွင်းသို့ တင်သွင်းသော” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဆ) ပုဒ်မခွဲ (ဋ) တွင်ပါရှိသော “အခွန်မပါသော” ဆိုသည့် စကားရပ်ကို “အခွန်အပါအဝင် ဖြစ်သော” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဇ ) ပုဒ်မခွဲ (ဎ) တွင်ပါရှိသော “အခွန်ထမ်းက မိမိ၏ ထုတ်လုပ်ပြီးဖြစ်သည့် အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်း အတွက်” ဆိုသည့် စကားရပ်ကို “အထူးကုန်စည်ထုတ်လုပ်သူ၊ ထုတ်လုပ်ရောင်းချသူ၊ တင်ပို့သူက ပေးဆောင်ရမည့် အထူးကုန်စည်ခွန်နှင့်စပ်လျဉ်း၍” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဈ ) ပုဒ်မခွဲ (ထ) တွင်ပါရှိသော “ဘဏ္ဍာရေးဝန်ကြီးဌာန”ဆိုသည့် စကားရပ်ကို “စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ည) ပုဒ်မခွဲ (န) ၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ)၊ (ဗ)၊ (ဘ) နှင့် (မ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ပ) **တင်ပို့သူ**ဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့ တင်ပို့သူကို ဆိုသည်။

(ဖ) **အခွန်အမှတ်တံဆိပ်** ဆိုသည်မှာ ဤဥပဒေ ပုဒ်မ ၃၄ အရ ကပ်နှိပ်ထားသော သို့မဟုတ် အထူးကုန်စည်အတွက် အသုံးပြုသော စာမှတ်စာတမ်း သို့မဟုတ် အခြားသော အထောက်အထားတစ်ခုခုကို ဆိုသည်။

( ဗ ) **လုပ်ငန်းဥပစာ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသည့်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ အဝန်းအဝိုင်းကို ဆိုသည်။

(ဘ) **ပုံစံများ**ဆိုသည်မှာ ဤဥပဒေပါ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ သတ်မှတ်သည့် ပုံစံများကို ဆိုသည်။

( မ ) **တန်ဖိုးအဆင့်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေတွင် ပြဋ္ဌာန်းသည့် အထူးကုန်စည်များ၏ ဈေးနှုန်းတန်ဖိုးအဆင့်ကို ဆိုသည်။”

၄။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) ၏ ခြေဆင်းတွင်ပါရှိသော “ဤဥပဒေ၏ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်” ဆိုသည့်စကားရပ်ကို “ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည့်အတိုင်း အထူးကုန်စည်ခွန် ကျသင့်စေရမည်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) ၏ ခြေဆင်းတွင်ပါရှိသော “ပြည်ပမှ တင်သွင်းခြင်း” ဆိုသည့်စကားရပ်ကို “ပြည်တွင်းသို့ တင်သွင်းခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဃ) အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက လက်ဝယ်ထားရှိသူက ပေးဆောင်ရမည်။”

၇။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၆။(က) မည်သည့်နှစ်အတွက်မဆို ဘဏ္ဍာနှစ်အလိုက် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့်-

(၁) အခွန်ကျသင့်စေမည့် အထူးကုန်စည်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(၂) အခွန်ကျသင့်သော အထူးကုန်စည်များအတွက် တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှု တစ်ခုခုအပေါ် အခြေပြု၍ တွက်ချက်ရမည့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(၃) ပြည်ပသို့တင်ပို့မှုအပေါ် အခွန်ကျသင့်မည့် အထူးကုန်စည်နှင့် အခွန်နှုန်းများကို သတ်မှတ်ရမည်။

(ခ) (၁) အထူးကုန်စည် ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူသည် ယင်းထုတ်လုပ်သော သို့မဟုတ် တင်သွင်းသော အထူးကုန်စည်များကို တန်ဖိုးအဆင့် သတ်မှတ်နိုင်ရန်အတွက် မြို့နယ်အခွန်ဦးစီးဌာနမှူးထံမှတစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(၂) လျှောက်လွှာပုံစံနှင့် တင်သွင်းရမည့်နည်းလမ်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နိုင်သည်။

(၃) ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီတို့သည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် အထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးအဆင့် သတ်မှတ်ပေးရမည်။

(၄) တန်ဖိုးအဆင့်သတ်မှတ်ပေးထားခြင်းမရှိသည့် အထူးကုန်စည်များကို ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနစီမံခန့်ခွဲမှုကော်မတီတို့က အခြားဆီလျော်သော တန်ဖိုးအဆင့် သတ်မှတ်ပေးခြင်းမရှိပါက အမြင့်ဆုံးတန်ဖိုးအဆင့်သို့ သတ်မှတ်နိုင်သည်။”

၈။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၇။(က) ပုဒ်မ ၄ အရ အခွန်ကျသင့်သော အထူးကုန်စည်များအတွက် အောက်ဖော်ပြပါနေ့ရှိ ကုန်စည်တန်ဖိုး၊ ပမာဏ၊ အလေးချိန် သို့မဟုတ် အခြားတိုင်းတာမှုတစ်ခုခုအပေါ် အခြေပြု သတ်မှတ်ထားသည့် အခွန်နှုန်းဖြင့် တွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက ထိုအထူးကုန်စည်ကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်သည့်နေ့၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များအတွက်

(ကက) အထူးကုန်စည်ကို ရောင်းချသည့်နေ့၊

( ခခ ) ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်နေ့၊

(၃) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ပိုင်ဆိုင်ထားသော ကိစ္စရပ်တွင် စစ်ဆေးတွေ့ရှိသည့်နေ့၊ ရှင်းလင်းချက်။ ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ဆိုရာတွင် အောက်ပါတို့ကိုဆိုသည်-

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသည့် အထူးကုန်စည်များဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသည့် အထူးကုန်စည်များ၊

( ခ ) ကျန်အထူးကုန်စည်များနှင့် စပ်လျဉ်း၍ လက်ဝယ်ရှိ အထူးကုန်စည်များကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ တင်သွင်းထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်တင်သွင်းသူထံမှ ဝယ်ယူထားခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းမဟုတ်သည့် အထူးကုန်စည်များ၊ တရားဝင်ထုတ်လုပ်သူ၊ ထုတ်ယူသူထံမှ ဝယ်ယူခြင်းအတွက် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် အထူးကုန်စည်များ။

(၄) ပုဒ်မခွဲငယ် (၂)နှင့် ပုဒ်မခွဲငယ် (၃) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်နိုင်ခြင်းမရှိလျှင် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့်နေ့။

(ခ) ကျသင့်အထူးကုန်စည်ခွန်ကို တွက်ချက်ရာတွင် ဆောင်ရွက်မှုအလိုက် အောက်ပါတန်ဖိုးများအပေါ် အခြေပြုတွက်ချက်ရမည်-

(၁) ပြည်တွင်းသို့တင်သွင်းသည့် အထူးကုန်စည်ဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုး၊

(၂) ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များအတွက်-

(ကက) ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်ဖြစ်ပါက သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီတို့က အတည်ပြုသတ်မှတ်ပေးသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနရောင်းဈေးတန်ဖိုး၊

( ခခ ) ကျန်အထူးကုန်စည်ဖြစ်ပါက ထုတ်လုပ်သူကတင်ပြသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုးနှင့် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက သတ်မှတ်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုး၊

(၃) ပြည်ပသို့ တင်ပို့သည့် အထူးကုန်စည်ဖြစ်ပါက ပြည်ပသို့ သယ်ယူပို့ဆောင်ပေးမည့် ယာဉ်ပေါ်အရောက်တန်ဖိုး၊

(၄) ဤဥပဒေအရ ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိသည့် အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ဖြစ်ပါက စိစစ်တွေ့ရှိသည့်အချိန်၌ ရောင်းချနေသည့်တန်ဖိုး သို့မဟုတ် ဈေးကွက်ပေါက်ဈေး၊

(၅) ပုဒ်မခွဲငယ် (၄) ပါ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ခက်ခဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တွက်ချက်ရရှိသည့်တန်ဖိုး။”

၉။ အထူးကုန်စည်ခွန် ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မည်သူမဆို ဤဥပဒေအရ ကျသင့်သည့်အခွန်ကို အောက်ပါအတိုင်း ပေးဆောင်ရမည်-

(၁) အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက ကုန်စည်ကို ရွေးယူခြင်းမပြုမီ ပေးဆောင်ရမည်။

(၂) ပြည်တွင်း၌ ထုတ်လုပ်ခြင်းအတွက် -

(ကက) ရောင်းချသည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

( ခခ ) ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် အထူးကုန်စည်များဖြစ်ပါက အထူးကုန်စည်ကို ထုတ်လုပ်သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၃) ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက အထူးကုန်စည်ကို တင်ပို့သည့်လ၏ လကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရမည်။

(၄) ဤဥပဒေအရ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များကို ကုန်စည်ပိုင်ရှင်ထံတွင် စိစစ်တွေ့ရှိရခြင်းဖြစ်ပါက စိစစ်တွေ့ရှိသည့်နေ့မှ ခုနစ်ရက်အတွင်း ကုန်စည်ပိုင်ရှင်က ပေးဆောင်ရမည်။”

**(ဆက်လက်ဖော်ပြပါမည်)**

## မိသားစုစီမံကိန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များရေးဆွဲခြင်း အစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၆**
မိသားစုစီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုအခြေပြု၍ အရည်အသွေးပြည့်ဝပြီး လူတိုင်းလက်လှမ်းမီနိုင်သည့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ကြောင်းနှင့် အမျိုးသမီးများသာမက အမျိုးသားများပါဝင်မှုလည်း တိုးမြှင့်လာသင့်ကြောင်းကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသော မိသားစုစီမံကိန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များရေးဆွဲခြင်း အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Janet E Jackson က အမှာစကားပြောကြားသည်။

ဆက်လက်၍ မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာလှမြသွေးကန္တာက မိသားစုစီမံကိန်းစောင့်ရှောက်မှုလုပ်ငန်းများအတွက် အဓိကဖြစ်သော သားဆက်ခြားစောင့်ရှောက်မှုများနှင့် ဆေးနှင့်ဆေးပစ္စည်းများကို ဝေးလံခေါင်ဖျားဒေသများနှင့် ခက်ခဲသောနေရာများအထိ ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ရန်၊ မိသားစုစီမံကိန်းချမှတ်ဆောင်ရွက်ခြင်း၏အကျိုးရလဒ်များကိုသိရှိ၍ အမျိုးသမီးများနှင့်လူငယ်များ ကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်စေရန် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးခြင်းစနစ်ကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့်ဆေးဝါးပစ္စည်းဖူလုံရေးအတွက် ရေရှည်တည်တံ့သော အထောက်အပံ့စနစ်ထူထောင်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာန Hot Line ဖုန်းနံပါတ် ပြောင်းလဲမည်

**မန္တလေး ဇူလိုင် ၂၆**
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာနသို့ ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်သည့် မန္တလေးခရိုင်ပြင်ပမြို့နယ်များမှ ခေါ်ဆိုသည့် ဖုန်းနံပါတ်ကို ၀၂-၄၀၂၇၁၉၉ သို့ စက်တင်ဘာ ၁ ရက်မှ စတင်ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်းအိတ်ချိန်းစနစ်များ ပြောင်းလဲမြှင့်တင်မှုများပြုလုပ်လျက်ရှိခြင်းကြောင့် ယခုကဲ့သို့ ဖုန်းနံပါတ်ပြောင်းလဲခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကွပ်ကဲမှုဗဟိုဌာနတွင် မှုခင်းကျဆင်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုက အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့နိုင်ရန် မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်မှ မည်သည့်ဖုန်းဖြင့်မဆို ခေါ်ဆိုသတင်းပေးနိုင်သည့် Hotline ဖုန်းနံပါတ် ၁၉၉ သို့ ယခင်ကဲ့သို့ပင် ခေါ်ဆိုနိုင်ပြီး မန္တလေးခရိုင်ပြင်ပမြို့နယ်များမှ ခေါ်ဆိုနိုင်သည့် ဖုန်းနံပါတ်ကိုသာ ၀၂-၄၀၂၇၁၉၉ သို့ စက်တင်ဘာ ၁ ရက်မှ စတင်ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

## ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၆**

ရာသီတုပ်ကွေးရောဂါ(Seasonal Influenza A (H1N1) pdm 2009) ဖြစ်ပွားမှုနှင့်ပတ်သက်၍ အထူးဦးစားပေးပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဇူလိုင် ၂၂ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးကုသဆောင်တွင် (Seasonal Influenza A (H1N1) pdm 2009)-Positive ဖြင့်ဆေးကုသမှုခံယူနေသော ဧရာဝတီတိုင်းဒေသကြီးမှ အသက်(၄၃)နှစ်အရွယ် အမျိုးသားလူနာတစ်ဦးသည် ယနေ့နံနက် ၉ နာရီတွင် ပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဇူလိုင် ၅ ရက်မှ ယနေ့ထိ ချင်းပြည်နယ် မတူပီမြို့နယ်တွင် သံသယတုပ်ကွေးရောဂါဖြစ်ပွားသူ ၃၀၀ ခန့်အနက်မှ ၁၀ ဦးတွင် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့သည်။

ဇူလိုင် ၁၉ ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာ ၁၆ ဦးအား ကုသမှုပေးခဲ့ရာ ၎င်းတို့အနက် ကိုးဦးသည် Seasonal Influenza A (H1N1) pdm 2009–Positive တွေ့ရှိခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်) တွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာနှစ်ဦးအား ကုသမှုပေးခဲ့ရာ ၎င်းတို့အနက် တစ်ဦးသည် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၁၄ ရက်မှစတင်၍ ခုတင်(၅၅၀)ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီး (ရန်ကင်း)တွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာ နှစ်ဦးအား ကုသမှုပေးခဲ့ရာ တစ်ဦးသည် Seasonal Influenza A (H1N1) pdm 2009 – Positive တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၁၈ ရက်မှစတင်၍ အထွေထွေရောဂါကုဆေးရုံကြီး (မြောက်ဥက္ကလာ) တွင်လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် လူနာတစ်ဦးအား ကုသမှုပေးခဲ့ကြောင်းနှင့် ယနေ့အထိ ရန်ကုန်မြို့ပေါ်ရှိ အထက်ပါဆေးရုံကြီးများတွင် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့် စုစုပေါင်း လူနာ ၂၁ ဦးအား ကုသမှုပေးခဲ့ရာ Seasonal Influenza A (H1N1) pdm 2009 - Positive စုစုပေါင်းလူနာ ၁၀ ဦးရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ယနေ့ညနေပိုင်းအထိ တစ်နိုင်ငံလုံးတွင်ရရှိသော အချက်အလက်များအရ Seasonal Influenza A (H1N1) pdm 2009-Positive စုစုပေါင်းလူနာ ၂၀ ရှိခဲ့ပြီး ၎င်းတို့အနက် သုံးဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် Myanmar CDC facebook စာမျက်နှာများတွင် ထုတ်ပြန်ထားရှိသော ရာသီတုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်၊ တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ကုသမှုခံယူရန်လိုအပ်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောင်ပတ်လမ်းစွန့်ပစ်မြေစာများ ချောင်းရေစီးထဲမျောပါမှု နန့်မွန်းကျေးရွာဒေသခံများစိုးရိမ်

**မိုးညှင်း ဇူလိုင် ၂၆**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နန့်မွန်းတောင်ပတ်လမ်းစွန့်ပစ်မြေစာပုံလျှောကျ၍ ချောင်းရေစီးထဲမျောပါရာ နန့်မွန်းကျေးရွာ စစ်ရှောင်မိသားစုဝင်များနှင့် ချောင်းကမ်းဘေးနေထိုင်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"အခုလို မိုးဆက်တိုက်ရွာနေမယ်ဆိုရင် နန့်မွန်းရွာ ရေကန်ခချောင်းနဲ့ အင်ခြင်းတောင်ချောင်း ရေစီးနဲ့အတူ နန့်မွန်းတောင်ပတ်လမ်းဖောက်လုပ်ထားတဲ့စွန့်ပစ်မြေစာတွေ မျောပါလာလို့ အခုဆိုရင်စစ်ရှောင်မိသားစုနေထိုင်တဲ့ အိမ်တွေရေနစ်ပြီး အိမ်သာငါးလုံး၊ ရေချိုးကန်နှစ်လုံး၊ လူနေအိမ်နှစ်လုံးနဲ့ အိမ်မွေးတိရစ္ဆာန်တွေ တောင်ကျချောင်းရေနဲ့ အတူမျောပါခဲ့ပါတယ်။ ရွာထိပ်က အာရ်စီကွန်ကရစ်တံတား ရေဝင်ပေါက်ဟာ တစ်ပေခွဲသာကျန်တော့တယ်"ဟု နန့်မွန်းကျေးရွာ ကချင်စုရပ်ကွက်နေထိုင်သူ ဦးထန်ခေါက ပြောသည်။

နန့်မွန်းကျေးရွာ ကချင်စုရပ်ကွက် ရေကန်ခချောင်းဘေးတွင် စစ်ဘေးရှောင်မိသားစုဝင် ၁၈ ဦးတို့သည် ၂၀၁၁ ခုနှစ်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဖားကန့်ဒေသ ဝေ့ခါနှင့်ညောင်ပင်ကျေးရွာကြားရှိ ခါလယန်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့မှ စတင်ပြောင်းရွှေ့ခဲ့သည်မှာ ခြောက်နှစ်ခန့်ရှိကြောင်း၊ နန့်မွန်းတောင်ပတ်လမ်းကို လမ်းအကျယ်ပေ ၆၀ တိုးချဲ့ပြီး လမ်းဖောက်ရာ စွန့်ပစ်မြေစာများသည် မိုးသည်းထန်စွာရွာသွန်းရာမှ အဆိုပါရေကန်ခချောင်းအတွင်းမျောပါပြီး ကျေးရွာလူနေအိမ်များကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း ကချင်စုရပ်ကွက်နှင့် မြင်သာရပ်ကွက်သို့ ဆက်သွယ်ထားသော ကွန်ကရစ်တံတားသည် မိုးသည်းထန်စွာရွာသွန်းပါက အဆိုပါတံတားမှာ ပျက်စီးနိုင်သကဲ့သို့ နန့်မွန်းကျေးရွာအတွင်း ရေကြီးရေလျှံမှုအန္တရာယ် ဖြစ်ပေါ်စေနိုင်သည့်အတွက် ရေစီးရေလာကောင်းမွန်ရန် အဆိုပါချောင်းကို အချိန်မီဆယ်ယူပြုပြင်ရန်လိုအပ်ကြောင်း ဦးထန်ခေါက ဆက်လက်ပြောကြားသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဇူလိုင် ၂၆ ရက်က နန့်မွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့်ရပ်မိရပ်ဖများက မြတ်သဒ္ဒါဖြူကုမ္ပဏီမှ ဘက်ဟိုးယာဉ်ဖြင့် ကျေးရွာအတွင်းသို့ ရေစိမ့်ဝင်ပေါက်ကို ပြုပြင်လျက်ရှိကြောင်း သိရသည်။ **(နီတိုး)**



# ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1-2009)နှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်နှင့် တွေ့ဆုံမေးမြန်း

**မေး။ ။ အခုဖြစ်ပွားနေတဲ့ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A(H1N1-2009) ဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး နောက်ဆုံးအခြေအနေကို သိပါရစေ။**

ဖြေ။ ။ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်နေ့အထိ သံသယရှိလူနာ ၃၁ ဦးတွေ့ရှိထားပါတယ်။ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A H1N1pdm09 ပိုး ဟုတ်၊ မဟုတ် ဓာတ်ခွဲအတည်ပြုတဲ့အခါမှာ ရောဂါပိုးရှိသူ ၂၀ ဦးတွေ့ပါတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ပိုးတွေ့ရှိသူ ငါး ဦးတက်ရောက်ကုသနေပြီးတော့ ဒီထဲက သုံးယောက် ဆုံးပါးသွားပါတယ်။ ရန်ကင်းကလေးဆေးရုံက နှစ်ယောက်တွေ့ပါတယ်။

**မေး။ ။ H1N1 ရောဂါပိုးကူးစက်ခံရတဲ့ သူတွေက ဘယ်မြို့နယ် ဘယ်နေရာ ဒေသတွေကပါလဲ ခင်ဗျာ။**

ဖြေ။ ။ ဇူလိုင်လထဲမှာ ချင်းပြည်နယ် မတူပီမြို့မှာ စတင်ဖြစ်ပွားပြီးတော့ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးမှာ ဖြစ်ပွားတာတွေ့ရပါတယ်။ ပိုးတွေ့တာ ၂၀ ဦးရှိပါတယ်။ ဒီပိုးကြောင့် သေဆုံးသူက သုံးဦးဖြစ်ပါတယ်။ မတူပီမှာ သေဆုံးသွားတဲ့ကလေးမှာက ပိုးမတွေ့ပါဘူး။

**မေး။ ။ Seasonal Influenza A H1N1pdm09 ရောဂါကို ကုသလို့ပျောက်ကင်းပါသလား ခင်ဗျား။**

ဖြေ။ ။ကုသခြင်းထက်ကာကွယ်ခြင်းက ပိုမိုထိရောက်ပါတယ်။ ရာသီတုပ်ကွေးရောဂါကို ဆောလျင်စွာတွေ့ရှိကုသရင် ရောဂါပြင်းထန်မှု၊ အသက်ဆုံးရှုံးမှုမှ ကာကွယ်နိုင်ပါတယ်။ အဓိကကတော့ နှာချေချောင်းဆိုးတာကနေ အသက်ရှူလမ်းကြောင်းက ကူးတာပါ။ မပြင်းထန်တဲ့အမျိုးအစားနဲ့ ပြင်းထန်တဲ့အမျိုးအစားဆိုပြီးတော့ရှိပါတယ်။ ရိုးရိုးဖျားတယ်၊ နာတယ်၊ ကိုက်ခဲတယ်။ ဒါကအမျိုးအစားမပြင်းထန်တဲ့ဟာ။ ရင်ကျပ်တယ်၊ အသက်ရှူခက်တယ်၊ အဖျားကြီးတယ်၊ သတိလစ်တယ်၊ ဂနာမငြိမ်ဖြစ်တယ်ဆိုတာက ပြင်းထန်တဲ့ အမျိုးအစားပါ။

**မေး။ ။ဘယ်အခြေအနေမှာ အသက်ဆုံးရှုံးမှုဖြစ်နိုင်ပါသလဲ။**

ဖြေ။ ။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများ၊ ခုခံအားကျဆင်းမှုရှိသူများတွင် ဖြစ်ပွားပါက ရောဂါပိုမိုပြင်းထန်ပြီး အသက်ဆုံးရှုံးတတ်ပါတယ်။ အသက်အရွယ်အပိုင်းအခြားမရွေးဖြစ်ပွားနိုင်ပါတယ်။

**မေး။ ။ ဘယ်လိုကူးစက်နိုင်ပါသလဲ။**

ဖြေ။ ။ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်ပါတယ်။ ရောဂါပိုးရှိတဲ့သူ နှာချေတာ၊ ချောင်းဆိုးတာကနေ တိုက်ရိုက်သော်လည်းကောင်း၊ ရောဂါဖြစ်သူရဲ့ ခွဲ၊ သလိပ်၊ ခန္ဓာကိုယ်အရည်၊ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ထိတွေ့ခြင်းကသော်လည်းကောင်း ကူးစက်နိုင်ပါတယ်။

**မေး။ ။ကူးစက်မခံရအောင် ဘယ်လိုကာကွယ်ရမလဲခင်ဗျာ။**

ဖြေ။ ။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်တာ၊ နှာချေ၊ ချောင်းဆိုးရင် ပါးစပ်၊ နှာခေါင်းကိုအုပ်ပြီး (လက်ကိုင်ပဝါ၊ တစ်ရှူးနဲ့ တစ်ခါသုံးပါးစပ်၊ နှာခေါင်းစည်းတွေ) အသုံးပြုရပါမယ်။

- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊
- ကောင်းစွာအိပ်စက် အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများစားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှုမှန်မှန်ပြုလုပ်ခြင်း၊
- လေကောင်း၊ လေသန့်ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း၊
- လူထူထပ်သောနေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း၊
- ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ်ကို လုံအောင် ဖုံးအုပ်သည့် ပါးစပ်၊ နှာခေါင်းစည်း (Mask) ကိုအသုံးပြုခြင်း၊
- မိမိ (သို့မဟုတ်) တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟုသံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ ကုသမှုခံယူပြီး အထက်ဖော်ပြပါ လမ်းညွှန်ချက်အတိုင်းလိုက်နာဆောင်ရွက်ရပါမယ်။
- ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်ရပါမယ်။

ကာကွယ်ဆေးတွေတော့ ပေါ်တော့ ပေါ်နေပါတယ်။ ကာကွယ်ဆေး အမျိုးအစား သုံးလေးမျိုးရှိပါတယ်။ တချို့ကာကွယ်ဆေးတွေက ၁၀၀ ရာခိုင်နှုန်း ကာကွယ်မှုမပေးနိုင်ဘူး။ ထိုးပြီးရင် ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းပဲ ကာကွယ်ပေးနိုင်တဲ့ အခါကျတော့ စဉ်းစားရပါတယ်။ ရာနှုန်းပြည့် အာနိသင်ရှိတဲ့ အမျိုးအစားကတော့ မရှိသေးပါဘူး။ ဒါကြောင့် ကာကွယ်ဆေးကတော့ လေ့လာတုန်းပေါ့။ ဒါနဲ့ပတ်သက်ပြီး ထပ်ပြီးတော့ ထုတ်ပြန်ပါ့မယ်။ လာမယ့် တနင်္ဂနွေနေ့မှာ ပညာရှင်တွေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ့ဆုံပြီး နည်းဗျူဟာတွေ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သုံးသင့်၊ မသုံးသင့် အဖွဲ့နဲ့ ဆုံးဖြတ်ပြီးမှ ပြည်သူလူထုအတွက် အကျိုးရှိမယ်ဆိုရင် နှောင့်နှေးမနေပါဘူး။ ဘယ်လောက်ကုန်ကုန် ဝယ်ပြီးတော့ သုံးမှာပါ။

**မေး။ ။ ဒီရောဂါဖြစ်ပွားသူတွေကို ရန်ကုန်က ဆေးရုံကြီးတွေကို ပို့ဆောင်ကုသပေးနေတယ်လို့ သိရပါတယ်။ ဘာကြောင့်ပါလဲ။**

ဖြေ။ ။ ရန်ကုန်ဆေးရုံကြီးမှာ ဆေးဝါး၊ ကုသမှုနည်းပညာတွေ ပိုမိုရရှိနိုင်တဲ့အတွက် အခြား တိုင်းဒေသကြီးနဲ့ ပြည်နယ် ဆေးရုံတွေက ရောဂါပြင်းထန်တဲ့လူနာတွေကို လွှဲပေးလေ့ရှိပါတယ်။ ဝေဘာဂီဆေးရုံက ကူးစက်ရောဂါကုဆေးရုံဖြစ်တဲ့အတွက် ပိုပြီးစနစ်တကျရှိပါတယ်။ Infection Control က ပိုပြီးစနစ်ကျပါတယ်။ ဝေဘာဂီဆေးရုံမှာ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ အနည်းဆုံးလူနာ ၁၀ ဦးလောက်ထားနိုင်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းက ကျန်တဲ့အခြားဆေးရုံတွေကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ မြို့ကြီးတွေမှာလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကပ်ရောဂါအသွင် ဖြစ်လာနိုင်တဲ့ အခြေအနေရှိပါသလားခင်ဗျာ။**

ဖြေ။ ။ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်တွေကို လိုက်နာဆောင်ရွက်တာ၊ မိမိမှာ တုပ်ကွေးရောဂါလက္ခဏာတွေ ဖြစ်ပွားတယ်လို့ သံသယရှိရင် နီးစပ်ရာကျန်းမာရေးဌာနနဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာ အမြန်ဆုံးသတင်းပေးပို့ ကုသမှုခံယူတာတွေ ပြုလုပ်ရင် ရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ကုသနိုင်မှာဖြစ်ပါတယ်။ အထူးစိုးရိမ်ကြောင့်ကြဖို့မလိုပါဘူး။ H1N1 ကို ကူးစက်မှုမပြန့်ပွားအောင် Containment နည်းလမ်းနဲ့ ဆောင်ရွက်နေပါတယ်။ ရောဂါဖြစ်ပွားတာ မှန်ပေမယ့် ကပ်ရောဂါအသွင် မဟုတ်ပါဘူး။ လောလောဆယ်မှာ Public Health Emergency အဖြစ် မကြေညာသေးပါဘူး။ ကာကွယ်ထိန်းချုပ်နိုင်တဲ့ အဆင့်အဖြစ်ပဲ သတ်မှတ်ပါတယ်။ ကူးစက်ပြန့်ပွားမှုမရှိအောင် ပိုးတွေ့တာနဲ့ တွေ့တဲ့နေရာကို ရောဂါတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို စေလွှတ်ပါတယ်။ ပြီးတော့ အနီးမှာရှိတဲ့ သူတွေကိုပါ စောင့်ကြပ်ကြည့်ရှုပါတယ်။ ပိုးတွေ့တဲ့ လူနာကို ဆေးရုံမှာထားပြီးတော့ စောင့်ကြပ်ကြည့်ရှုပါတယ်။ ဆေးရုံမှာ သီးသန့်ထားပြီး ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ပြည်သူလူထု ထိရောက်မှု အနည်းဆုံးဖြစ်အောင် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကူးစက်ပြန့်ပွားမှုမရှိအောင် ပိုးတွေ့တာနဲ့ တွေ့တဲ့နေရာကို ရောဂါတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ကို စေလွှတ်ပါတယ်။ ပြီးတော့အနီးမှာရှိတဲ့သူတွေကိုပါ စောင့်ကြပ်ကြည့်ရှုပါတယ်။ ပိုးတွေ့တဲ့ လူနာကို ဆေးရုံမှာထားပြီးတော့ စောင့်ကြပ်ကြည့်ရှုပါတယ်။ ဆေးရုံမှာ သီးသန့်ထားပြီး ကုသရေးလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။**

**မေး။ ။ ရောဂါပြန့်ပွားမှုမရှိအောင် ဘယ်လိုထိန်းချုပ်နေပါသလဲ။**

ဖြေ။ ။ ရောဂါဖြစ်ပွားသူတွေကို သီးခြားထားရှိကုသခြင်း၊ ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့သူတွေကို စောင့်ကြပ်ကြည့်ရှုခြင်း စတဲ့နည်းလမ်းတွေနဲ့ ရောဂါပြန့်ပွားမှုမရှိအောင် ထိန်းချုပ်နေပါတယ်။ လေဆိပ်မှာကော နယ်စပ်ဝင်ပေါက်/ထွက်ပေါက်တွေမှာ Ethnical အရ ကိုယ့်နိုင်ငံမှာ ဖြစ်ပွားရင် တခြားနိုင်ငံကို မကူးစက်အောင်နဲ့ တခြားနိုင်ငံမှာ ဖြစ်ပွားရင် ကိုယ့်နိုင်ငံကို မကူးစက်အောင် စစ်ဆေးနေပါတယ်။ ခါတိုင်း အဝင်မှာ စစ်ဆေးပေမယ့် အခု အဝင်မှာရော အထွက်မှာပါ စစ်ဆေးနေပါတယ်။ ရောဂါထိန်းချုပ်ဖို့အတွက် ကျွန်တော်တို့က တိုင်းနဲ့ပြည်နယ် ပြည်သူ့ကျန်းမာရေးအဖွဲ့တွေ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွေ နောက်တစ်ခါ ကုသရေးဦးစီးဌာနက ဆေးရုံကြီးကအဖွဲ့တွေကို ညွှန်ကြားချက်တွေ ထုတ်ထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့တင်မကဘဲ သက်ဆိုင်ရာ အဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အခြားသော ဝန်ကြီးဌာနတွေ အားလုံးပေါင်းပြီးတော့မှ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိန်းချုပ်ဖို့ကတော့ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့တင် မပြီးပါဘူး။ ပြည်သူအများလည်း ပါရမယ်။ ဌာနဆိုင်ရာ ဝန်ထမ်းတွေလည်း ပါရမယ်။ လူမှုရေးအဖွဲ့အစည်းတွေလည်း ပါရမယ်။ အားလုံးဝိုင်းဝန်းဆောင်ရွက်မှ ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ ဒီရောဂါဟာ အရင်က မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့ဖူးတာရှိပါသလား။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ (၂၀၀၉) ခုနှစ်က (၂၀၁၆) ခုနှစ်အထိ ရာသီတုပ်ကွေးရောဂါ Seasonal Influenza A H1N1pdm09 ဖြစ်ပွားသူဦးရေ ၄၅၆ ဦးရှိခဲ့ပါတယ်။ အခုဖြစ်ပွားနေတာက လူတွေမှာ ဖြစ်ပွားတဲ့ ရာသီတုပ်ကွေးပိုးဖြစ်ပါတယ်။ ၂၀၀၉ မတိုင်ခင်က ဝက်တွေမှာ ဖြစ်ပွားတဲ့ တုပ်ကွေးပိုးဖြစ်ပါတယ်။ ဒီနောက်မှာ လူတွေကို ကူးစက်ပြီး အခုကတော့ လူသားတွေ အချင်းချင်း ကူးစက်တဲ့ ရာသီတုပ်ကွေးပိုးဖြစ်ပါတယ်။ ဝက်တုပ်ကွေးလို့ မခေါ်ပါဘူး။

**မေး။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ ပူးပေါင်းဖြေရှင်းဖို့ ဆောင်ရွက်နေတာရှိပါသလား။ ဘယ်လိုအကူအညီတွေ တောင်းထားပါသလဲ။**

ဖြေ။ ။ အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅)အရ WHO နဲ့ ချိတ်ဆက်ပြီး ရောဂါဖြစ်ပွားမှုအနေအထားထုတ်ပြန်တင်ပြခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းတွေ ရှိပါတယ်။

International Health Regulation အရ နိုင်ငံတကာ သံရုံးတွေ၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကိုလည်း ဆက်သွယ်အကြောင်းကြားပြီးဖြစ်ပါတယ်။ WHO ကို ဒီနေ့ပဲ ဖြစ်ပွားမှုနဲ့ ပတ်သက်တဲ့ Official Report တင်လိုက်ပြီဖြစ်ပါတယ်။ WHO မှာ လိုအပ်တဲ့ အကူအညီပေးဖို့လည်း တောင်းခံထားပါတယ်။

**မေး။ ။ ဒီရောဂါကို ကာကွယ်တားဆီးဖို့ ရှေ့ဆက် ဘယ်လိုဆောင်ရွက်သွားမလဲ။**

ဖြေ။ ။ ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာနအနေနဲ့ ရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက်

- ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်း၊
- ရာသီတုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေးသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ စာစောင်ထုတ်ဝေခြင်း၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC ၏ Facebook စာမျက်နှာများ၊ သတင်းစာနှင့် ဂျာနယ်စာစောင်များတွင် ဖော်ပြခြင်း၊
- ကျန်းမာရေးပညာပေးလုပ်ငန်းများအား ဆေးရုံကြီးများ၊မြို့နယ်အဆင့်နှင့် ပြည်သူလူထုအတွင်းပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်း၊
- ကြိုတင်ကာကွယ်မှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများအတွက် လမ်းညွှန်ချက်များထုတ်ပြန်ခြင်း၊
- ဆေးရုံများတွင် လိုအပ်သော Rapid Diagnostic Test Kits များ၊ လက်သန့်စင် ဆေးရည်များ၊ နှာခေါင်းစည်းများ၊ ပိုးသတ်ဆေးရည်များဖြန့်ဝေထားခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။



ဒေါက်တာ သန်းထွန်းအောင်

**မေး။ ။ ရန်ကင်းကလေးဆေးရုံကြီးမှာ တက်ရောက်ကုသနေတဲ့ ကလေးနှစ်ဦးမှာ H1N1နဲ့ H3N2 တွေ့ရတယ်လို့ နောက်ဆုံးသတင်းတွေ ထွက်နေပါတယ်။**

ဖြေ။ ။ မှန်ပါတယ်။ ကလေး တစ်ယောက်က H1N1 တွေ့ပြီးတော့ တစ်ယောက်က ယာယီတုပ်ကွေးအမျိုးအစား H3 N2 တွေ့ပါတယ်။ သူက ဧရာဝတီတိုင်းကလာတာပါ။ ဧရာဝတီတိုင်းကနေပြီးတော့ ရန်ကုန်ဆေးရုံကြီးကို လာတက်တာပါ။ ရန်ကုန် ရန်ကင်းကလေးဆေးရုံကြီးမှာ ကလေးနှစ်ဦးပေါ့။ ကလေးနှစ်ဦးမှာ တစ်ဦးကတော့ H1N1၊ တစ်ဦးကတော့ H3N2 ပေါ့။ နောက်တစ်ခုကတော့ ရန်ကုန်ဆေးရုံကြီးမှာ တစ်ဦးပေါ့။

**မေး။ ။ပြည်သူတွေအကြားမှာ ဒီရောဂါနဲ့ ပတ်သက်ပြီး စိုးရိမ်မှုတွေရှိနေပါတယ်။ စိုးရိမ်သင့်တဲ့အခြေအနေလား၊ စိုးရိမ်ဖို့မသင့်တဲ့အခြေအနေလား။ ဒါနဲ့ ပတ်သက်ပြီး ဘာများ ပြောကြားချင်ပါသလဲ။**

ဖြေ။ ။ ကိုယ်ခံစွမ်းအားမြှင့်တင်ခြင်း၊ လက်မကြာခဏဆေးခြင်း၊ ပါးစပ်၊နှာခေါင်းစည်း အသုံးပြုခြင်း၊ လူစုလူဝေးရှိရာကို ရှောင်ရှားခြင်း၊ ရောဂါဖြစ်ပွားသူများအားသီးခြားထားရှိကုသခြင်း၊ ရောဂါရှိသူနဲ့ အနီးကပ်ထိတွေ့သူတွေကို စောင့်ကြပ်ကြည့်ရှုခြင်းစတဲ့ နည်းလမ်းတွေဆောင်ရွက်ခြင်း၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ပြည်သူလူထုအနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်တွေကိုလိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါကာကွယ်ထိန်းချုပ်နိုင်ပါတယ်။

**မေး။ ။ ထားဝယ်ဘက်က ကြက်ခြံတစ်ခုမှာလည်း H5N1 ကြက်ငှက်တုပ်ကွေးတွေ့ ရှိတယ်လို့ ကြားရပါတယ်။ ဒါကိုရော ဘယ်လိုဖြေရှင်းနေပါသလဲ။**

ဖြေ။ ။ ထားဝယ်ဘက်မှာ ဖြစ်ပွားနေတာက ကြက်ငှက်တုပ်ကွေးဖြစ်ပြီးတော့ ကြက်ခြံမှာ ဖြစ်ပွားတယ်လို့ သိရပါတယ်။ တိရစ္ဆာန်မှာ ဖြစ်ပွားတာဖြစ်ပါတယ်။ ဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထားဝယ်က ကြက်ခြံမှာ H5N1 ကြက်ငှက်တုပ်ကွေးတွေ့ရှိတယ်လို့ သတင်းဆက်သွယ်ပေးပို့တာလည်းရှိပါတယ်။ ဒါကတော့ ကြက်ခြံကနေ တစ်ဆင့်လူကို မကူးစက်အောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကနေ One Health Approach နည်းလမ်းနဲ့ ဆောင်ရွက်နေပါတယ်။ **(သတင်းအဖွဲ့)**

# နှစ်နိုင်ငံ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H. E. Dr. Luan Thuy Duong နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာချုပ်ဆိုမည့် နားလည်မှုစာချွန်လွှာ (MoU)၊ လက်ရှိ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် အနာဂတ်တွင် ဆောင်ရွက်မည့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**✻ ရွှေဖုံးမှ**

H3N2 ရောဂါဝေဒနာခံစားနေရသည့် ကလေးမှာ ပဲခူးတိုင်းဒေသကြီး သက္ကလမြို့နယ်တွင်နေထိုင်သော အသက် ၅ နှစ် ၆ လအရွယ်ရှိပြီး H1N1 ဖြင့် ကုသမှုခံယူနေသော ကလေးမှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်တွင် နေထိုင်သူဖြစ်ကာ အသက် ၇ နှစ် ၁ လသာရှိသေးကြောင်း သိရသည်။

"မိခင်တွေက ကလေးတွေကို အထူးဂရုစိုက်ဖို့တိုက်တွန်းချင်တယ်။ အဖျားကြီးတာ သုံးရက်အထက်၊ ချောင်းဆိုးတာ ဆယ်ရက်အထက်ဖြစ်ပြီး အသက်ရှူမမှန်တော့ဘူးဆိုရင် နီးစပ်ရာဆေးရုံကို ပြဖို့လိုအပ်တယ်" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ထို့အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ H1N1 သံသယရှိသူ လူနာတစ်ဦး ထပ်မံသေဆုံးပြီး သေဆုံးသူမှာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင်နေထိုင်သော အသက် (၄၃) နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ ရန်ကုန်ဆေးရုံကြီးသို့ ဇူလိုင် ၂၂ ရက် ည ၇ နာရီခွဲခန့်တွင် လာရောက်ကုသရာ ယနေ့နံနက် ၉ နာရီခန့်တွင် သေဆုံးသွားကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဒုတိယဆေးရုံအုပ်ကြီးဒေါက်တာဒေါ်မြင့်မြင့်အေးက ပြောသည်။



**ရန်ကင်းဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကူးစက်မြန်ရောဂါများ၊ ကူးစက်ရောဂါများကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဗိုင်းရပ်စ်ရောဂါများနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ထိရောက်သော ကျန်းမာရေးဝန်ဆောင်မှု၊ ဆေးဝါးပစ္စည်းများကို လုံလောက်စွာ ထောက်ပံ့ပေးထားကြောင်း သိရသည်။

**သတင်း-ဇာနည်မောင်**
**ဓာတ်ပုံ-ဇာဏီ**

# ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ခရီးသည်တင် ကစ္ဆပနဒီ(၂) အမြန်ရေယာဉ် ကျောက်ဖြူမြို့သို့ ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၆**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲ၌ ပြေးဆွဲရန်အတွက် ဂျပန်နိုင်ငံမှလှူဒါန်းသော ကစ္ဆပနဒီ(၂)အမြန်ရေယာဉ်သည် ဇူလိုင် ၂၅ ရက် ညပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ပေါင်းနက်ကြီးကျောက်ချစခန်းသို့ ရောက်ရှိလာကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရန်ကုန်)ရုံးမှ သိရသည်။

အဆိုပါ ဂျပန်နိုင်ငံမှ ရောက်ရှိလာသော အမြန်ရေယာဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရေကြောင်းဌာနမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်မှူးနှင့် သင်္ဘောကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါ ရေယာဉ်ပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးကြပြီး ရေယာဉ်အား သယ်ဆောင်လာသော သင်္ဘောကြီးပေါ်မှ ရေချခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။



ဂျပန်နိုင်ငံမှ လှူဒါန်းသော ကစ္ဆပနဒီ(၂) အမြန်ရေယာဉ်ကို တွေ့ရစဉ်။

ကစ္ဆပနဒီ(၂) အမြန်ရေယာဉ်သည် ဂျပန်နိုင်ငံ အစိုးရ စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်ဖြစ်သော The Economic and Social Development Programme ၏ အထောက်အပံ့ဖြင့် တည်ဆောက်လှူဒါန်းခြင်းဖြစ်ပြီး ဂျပန်နိုင်ငံမှ ထိုရေယာဉ်အမျိုးအစား သုံးစင်းပြည့်သည်အထိ လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။ လက်ရှိ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိလာသော အမြန်ရေယာဉ်သည် ဂျပန်နိုင်ငံ Ko Be ဆိပ်ကမ်းမှ ဇူလိုင် ၁၀ ရက်တွင် M/S NYK BLUE & Project Co.,Ltd ပိုင် M.V ISE သင်္ဘောကြီးဖြင့် ၁၆ ရက်ကြာမောင်းနှင်လာရာ ဇူလိုင် ၂၅ ရက် ညပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ပေါင်းနက်ကြီး ကျောက်ချစခန်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ယခုရောက်ရှိလာသော အမြန်ရေယာဉ်တွင် တာဝန်ထမ်းဆောင်ရန်အတွက် ရေယာဉ်ဝန်ထမ်းများ စနစ်တကျမောင်းနှင်နိုင်ရန် ဂျပန်ပညာရှင်များက ကျောက်ဖြူမြို့တွင် သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊ ရေယာဉ်အား လက်တွေ့မောင်းနှင်ခြင်း သင်တန်းပြီးဆုံးပါက ကျောက်ဖြူမြို့မှ စစ်တွေမြို့သို့ အမြန်ရေယာဉ်ကို ပို့ဆောင်ပြီး လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ကာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ခရီးစဉ်ပြေးဆွဲပေးနိုင်ရေးကို ခွင့်ပြုချက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်သည် အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အလျား ၂၉ ဒသမ ၉၀ မီတာ၊ ရေစူး ၁ ဒသမ ၆ မီတာရှိကာ ခရီးသည် ၁၄၂ ဦး လိုက်ပါစီးနင်းနိုင်ကြောင်းနှင့် တစ်နာရီလျှင် ရေမိုင် ၂၀ ခုတ်မောင်းနိုင်ကြောင်း သိရသည်။ ယခုအစီအစဉ်သည် ရေကြောင်းနှင့် လေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ တရားဝင်ကူညီထောက်ပံ့ရေးအစီအစဉ်ဖြင့် စီမံကိန်း ရှစ်ခု ချမှတ်ထားကြောင်း သိရသည်။ ထိုအစီအစဉ်များ၏တစ်ခုဖြစ်သော မြစ်တွင်းသွား ခရီးသည်တင်ရေယာဉ် သုံးစင်းလှူဒါန်းရေးနှင့်စပ်လျဉ်း၍ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်က မြန်မာ - ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများ၏ အကူအညီဖြင့် စာချွန်လွှာလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ်တွင် ဂျပန်နိုင်ငံမှ အသစ်တည်ဆောက်ထားသော ကစ္ဆပနဒီ (၃) အမြန်ရေယာဉ် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရန်ကုန်)ရုံးမှသိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ပွင့်သစ္စာ**

# ဖျာပုံခရိုင်အတွင်း ရာသီတုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ဖြန့်ကြက်ဆောင်ရွက်

**ဖျာပုံ ဇူလိုင် ၂၆**

ဖျာပုံမြို့မှ ပင်လယ်ငါးဖမ်းစက်လှေဦးစီးလုပ်ငန်းလုပ်ကိုင်သူ ဦးကျော်ဆန်းဝင်း (၄၃)နှစ်သည် ရာသီတုပ်ကွေးရောဂါ (H1N1)ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ယနေ့ နံနက် ၉ နာရီခွဲခန့်တွင် သေဆုံးခဲ့သဖြင့် ဖျာပုံခရိုင်အတွင်း H1N1 ရောဂါ ဆက်လက်ကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ခရိုင်အရေးပေါ် ကျန်းမာရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးပြုလုပ်၍ ခရိုင်အဆင့်မှ ရပ်/ကျေးအဆင့်အထိ အမြန်ချက်ချင်း အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ အသိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လှည့်လည်အသိပေးကြေညာခြင်းများဆောင်ရွက်ပြီး ဈေးများ၊ ကျောင်းများ၊ ပွဲခင်းများ၊ ရုပ်ရှင်ရုံများ၊ကားဂိတ်များ စသည့် လူစည်ကားရာ နေရာများသို့ သွားလာမှုရှောင်ရှားနိုင်ရေး ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကို သိရှိလိုက်နာနိုင်ရေးနှင့် ဌာနအဖွဲ့အစည်းအလိုက် လိုအပ်သောအစီအမံများ ဆောင်ရွက်ထားနိုင်ရေးစသည့် အရေးပေါ် လိုအပ်ချက်များကို ဖြန့်ကြက်ဆောင်ရွက်ကြရန် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ဆွေးနွေးပြောကြားသည်။

**(သပြေထွန်း)**



# ဖျာပုံမြို့နယ်၌ တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးပညာပေး

**ဖျာပုံ ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးပညာပေးခြင်းကို ယနေ့မွန်းလွဲ ၂ နာရီမှစတင်ဆောင်ရွက်နေပြီး ဖျားနာသူကလေးအား ကုသစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ဆေးရုံကြီး၌ H1 N1 တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားခဲ့သော ကိုကျော်ဆန်းဝင်း (၄၃)နှစ်သည် ဖျာပုံမြို့ (၁၆) ရပ်ကွက်တွင် နေထိုင်သူတစ်ဦးဖြစ်ကာ လွန်ခဲ့သော သုံးရက်ခန့်က ဖျာပုံမြို့ရှိ ပုဂ္ဂလိကဆေးခန်းတစ်ခုမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးခဲ့သည့် လူနာဖြစ်ကြောင်းသိရသည်။

"ဒီမနက် ရန်ကုန်ဆေးရုံကြီးမှာ H1 N1တုပ်ကွေးရောဂါနဲ့ ကွယ်လွန်သွားသူက ကျွန်တော်တို့မြို့နယ်က လွှဲပြောင်းပေးလိုက်သူဖြစ်နေတယ်။ လက်ရှိအချိန် မြို့မှာ ဒီတုပ်ကွေးနဲ့ပတ်သက်လို့ ပြည်သူကို အသိပညာတွေပေးဖို့ လုပ်နေပါတယ်။ ရပ်ကွက်တွေထဲ ဒီရက်ပိုင်းဖျားနေသူကို စောင့်ကြည့်ဖို့ လိုအပ်ရင် ဆေးရုံအမြန်ဆုံးတင်ပို့နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနေ့ ညနေပိုင်းမှာလည်း သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းတွေက ကျောင်းတွေသွားပြီး တုပ်ကွေးရောဂါ ပညာပေးအစီအစဉ်တွေ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက ပြောသည်။

လက်ရှိအခြေအနေတွင် တုပ်ကွေးရောဂါဖြင့် ကွယ်လွန်သွားခဲ့သူ နေထိုင်ခဲ့သည့် နေအိမ်၌ ကလေးတစ်ဦးဖျားနေသည်ကို တွေ့ရသဖြင့် ဖျာပုံမြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကာ သက်ဆိုင်ရာက ဆေးကုသစောင့်ကြည့်ကြပ်မတ်ပေးလျက်ရှိကြောင်း သိရသည်။



**သူဇာနွယ်(ဖျာပုံ)**

❑

# ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်မည်

**နေပြည်တော် ဇူလိုင် ၂၆**

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသရှိ ဆင်းရဲသောအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုံခြုံစိတ်ချရမှု တိုးတက်လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် လူထုဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်းကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅၈ သန်းအကုန်အကျခံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Partners Myanmar တို့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကာလမှာ ၂၀၁၇ ခုနှစ် ဇူလိုင်လမှ ၂၀၂၀ ခုနှစ် ဇူလိုင်လအထိဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Partners Myanmar တို့ပူးပေါင်းဆောင်ရွက်မည့် "အသက်မွေးဝမ်းကျောင်းမှုနှင့် လူထုဖွံ့ဖြိုးရေးဆိုင်ရာစီမံကိန်း" (Livelihood and Community Development)နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားကို ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအမှတ်(၁၄) အစည်းအဝေးခန်းမ၌ကျင်းပခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့် Partners Myanmar မှ Country Representative ဖြစ်သူ Ms.Sophie MEALIER တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဧရိယာများမှာ မကွေးတိုင်းဒေသကြီး (မြိုင်၊ စလင်း၊ ရေနံချောင်း၊ ချောက်၊ ငဖဲ၊ တောင်တွင်းကြီး)၊ မန္တလေးတိုင်းဒေသကြီး(တောင်သာ၊ မြင်းခြံ)၊ ရခိုင်ပြည်နယ် (တောင်ကုတ်၊ သံတွဲ၊ ဂွ)တို့ဖြစ်ပြီး လယ်ယာမြေမပိုင်ဆိုင်သော ကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် ကောင်းမွန်ပြီး လုံခြုံစိတ်ချရသော စိုက်ပျိုးမြေမလိုအပ်သည့် သီးရွက်စုံစိုက်ခင်းစိုက်ပျိုးခြင်း၊ ဆင်းရဲနွမ်းပါးသော ပြည်သူများ ကျန်းမာရေးပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုကောင်းမွန်သောပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန်အတွက် WASH လုပ်ငန်းဆိုင်ရာ ပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်စေခြင်း၊ လမ်း၊ ရေကန်ပြုပြင်ခြင်း၊ မိုးရေလှောင်ကန်ဆောက်လုပ်ခြင်း၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းခြင်း၊ သစ်ပင်များစိုက်ပျိုးခြင်း၊ အဝီစိတွင်းများ တူးဖော်ခြင်းဖြင့် အလုပ်အတွက်အစားအစာ(သို့မဟုတ်) ငွေကြေးထောက်ပံ့ပေးခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းဆိုင်ရာ သင်တန်းပို့ချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(နိုင်လင်းကြည်)**




# မန္တလေးမြို့တွင် ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဆိုင်ရာဝန်ဆောင်မှုများပေးနိုင်ရန် တရားမျှတမှုစင်တာဖွင့်

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့တွင် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုးမှုဖြင့် ဗြိတိသျှကောင်စီမှ MyJustice အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားမျှတမှုစင်တာ(Justice Centre) ကို ဇူလိုင် ၂၅ ရက်က မဟာအောင်မြေမြို့နယ် (၆၈)လမ်းနှင့် (၆၉)လမ်းကြား လမ်း(၄၀)တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါစင်တာကို ဗြိတိသျှကောင်စီမှ International Bridges to Justice(IBJ)နှင့်ပူးပေါင်းကာ ဆင်းရဲနွမ်းပါးပြီး အန္တရာယ်ကျရောက်လွယ်ကူသူများကို အခမဲ့ ဥပဒေအကျိုးဆောင်ပေးခြင်း၊ အကြံပေးခြင်းနှင့် အကူအညီပေးခြင်း အသိပညာပေးလုပ်ငန်းများနှင့် ဥပဒေပါအခွင့်အရေးနှင့် တာဝန်များကို နားလည်သိရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါ MyJustice အဖွဲ့မှ ဦးဆောင်သူ Ms,Caithin Reiger က ပြောသည်။




ဤင်းဗြိတိသျှကောင်စီမှ MyJustice အစီအစဉ်ကို လေးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်နှင့် မော်လမြိုင်တို့တွင် Justice စင်တာများကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့၍ ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ကြီးနှင့် မန္တလေးမြို့တို့၌ ထပ်မံဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်သည်။

ရန်ကုန်နှင့် မော်လမြိုင်မြို့များတွင်ရှိသည့် စင်တာများမှ လူပေါင်း ၂၃၉၅ ဦးကျော်ကို အခမဲ့ဥပဒေအကျိုးဆောင်ပေးနိုင်ခဲ့ပြီး လူပေါင်း ၁၃၇၂ ဦးကို ဥပဒေဆိုင်ရာအကြံဉာဏ်များ ပေးနိုင်ခဲ့ကြောင်း၊ အကူအညီတောင်းခံသူအရေအတွက်မှာ နှစ်စဉ်တိုးတက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

မန္တလေး တရားမျှတမှုစင်တာဖွင့်လှစ်သည့်နေ့တွင် မန္တလေးမြို့ခံမီဒီယာများ တက်ရောက်ခဲ့ကြပြီး သိလိုသည်များကို MyJustice အဖွဲ့မှ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော

**တောင်တွင်းကြီး ဇူလိုင် ၂၆**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိန်းမှုပပျောက်ရေးအသိပညာပေးဟောပြောပွဲကို တောင်တွင်းကြီးမြို့ ဆက်သွား(အထက)ကျောင်း၌ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်မော်တို့က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ ပူးပေါင်းပါဝင်ကြရန်လိုကြောင်း မြို့နယ်ဥပဒေအရာရှိ ဦးငြိမ်းချမ်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမီအောင်တို့က အရွယ်မရောက်သေးသော သားပျို သမီးပျိုများကို ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်ရန်၊ သူစိမ်းယောကျ်ားလေးများနှင့် သွားလာခြင်း၊ ညအချိန် စေလွှတ်ခြင်းမပြုရန်၊ နေအိမ်တွင် အဖော်မရှိဘဲတစ်ယောက်တည်းထားခြင်းမပြုရန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့် ပြစ်ဒဏ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

**(၅၈၀)**

# ပန်းတနော်၊ မကျီးတန်းကျေးရွာအနီးတွင် ယာဉ်တိုက်မှုဖြစ်ပွား

**ပန်းတနော် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု မကျီးတန်းကျေးရွာအနီး ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၄၆/၆) နှင့် (၄၆/၇) အကြားတွင် ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီခွဲခန့်က သံတွဲမြို့မှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 5M/---- ရဲအောင်လံ ခရီးသည်တင် မှန်လုံယာဉ်နှင့် ရန်ကုန်မြို့မှ ကျောင်းကုန်းမြို့သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 7F/ ---- စေတနာရှင် ခရီးသည်တင် မှန်လုံယာဉ်တို့မှာ မျက်နှာချင်းဆိုင်တိုက်မိပြီး တစ်ဖန် ရန်ကုန်မြို့မှ လားရာတူအရပ်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 1H/---- ရွှေခယ်ဝတီခရီးသည်တင် မှန်လုံယာဉ်က တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးယာဘက်သို့ ထိုးကျသွားခဲ့ရာ အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်ကြောင့် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး သေဆုံး၍ ၁၃ ဦး ဒဏ်ရာရရှိကြောင်းသိရပြီး ပန်းတနော်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးမောင်မောင်ဦး ဦးဆောင်သောအဖွဲ့က အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သပြေထွန်း)**



# ဖမ်းမိစပါးကြီးမြွေကို တိရစ္ဆာန်ဥယျာဉ် နေပြည်တော်သို့ အပ်နှံမည်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်လွှတ်တော် အဆောက်အအုံဝင်း ကြိုးတံတား(၁)နှင့် ကြိုးတံတား(၂)အကြားတွင် SMM ကုမ္ပဏီမှ ဦးစိန်မြင့်မောင် ခေါင်းဆောင်သော သန့်ရှင်းရေးအဖွဲ့က ယနေ့ညနေတွင် မြက်ပင်များနှင့် ကိုင်းတောများကို ရှင်းလင်းဆောင်ရွက်နေစဉ် အလျားကိုးပေ လုံးပတ် ၁၁ လက်မခန့်ရှိ စပါးကြီးမြွေတစ်ကောင်ကို တွေ့ရှိဖမ်းဆီးရမိ၍ ကြိုးတံတား(၁)လုံခြုံရေးတာဝန်ကျရဲတပ်ရင်း(၁၈)မှ ရဲအုပ်တင်မောင်လတ်က ခေတ္တထိန်းသိမ်းထားရှိပြီး ဇူလိုင် ၂၇ ရက်တွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်အပ်နှံမည်ဖြစ်ကြောင်း သိရသည်။



**ကိုနိုင်ဝင်း(ကြိုးကြာကန်)**

■

# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာမူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာမူဝါဒရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲ (Workshop on Human Resources for Health Policy Development )ကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာ သီရိဟိုတယ်၌ ကျင်းပသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်မွေးထုတ်ခြင်း၊ အလုပ်ခန့်ထားခြင်း၊ အရည်အချင်းစစ်ခြင်း၊ လုပ်ငန်းခွင်တွင် တည်မြဲစွာ တာဝန်ထမ်းဆောင်နိုင်ခြင်း၊ စဉ်ဆက်မပြတ် ပညာရပ်များသင်ကြားနိုင်ခြင်း စသည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း၊ မျှမျှတတ ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း။

ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မူဝါဒများရေးဆွဲရာတွင် လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်နေ၍မရဘဲ ပြောင်းလဲလာသော လိုအပ်ချက်၊ လုပ်ငန်းခွင်အခြေအနေ စသည့် အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆန်းသစ်တီထွင် စဉ်းစားတွေးခေါ်ခြင်း၊ ဖောက်ထွက်တွေးခေါ်ခြင်းစသဖြင့် ဘက်ပေါင်းစုံမှ အမြင်ကျယ်စွာဖြင့် ဆွေးနွေးကြစေလိုကြောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကြီးတစ်ခုလုံး၏ အသက်ပမာဖြစ်၍ ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးမည့် လုပ်သားအင်အားစုဆိုင်ရာ မဟာဗျူဟာစီမံချက် (၂၀၁၈-၂၀၂၁)Health Workforce Strategic Plan (၂၀၁၈-၂၀၂၁)ကိုလည်း အထူးအားပေး ပံ့ပိုးသွားမည်ဖြစ်ကြောင်း။

မူဝါဒတစ်ခု ချမှတ်ရာတွင် လတ်တလော အခြေအနေများနှင့် ကိုက်ညီမှုရှိရန် လိုအပ်သလို အားလုံးပါဝင် ပူးပေါင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ မူဝါဒကို အကောင်အထည်ဖော်နိုင်မည့် မဟာဗျူဟာ၊ နည်းဗျူဟာများကိုလည်း တစ်ပါတည်း စဉ်းစားရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(သင်ကြားရေး) ဒေါက်တာတင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့ပြီး Health Workforce Strategic Plan (၂၀၁၈-၂၀၂၁) ရေးဆွဲနိုင်ရေးနှင့် Human Resources for Health Policy အား ပြန်လည်သုံးသပ်ရေးဆွဲနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်အတွင်း ပဋိပက္ခဖြစ်ပွားသောဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲ (National Health Cluster Meeting)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွန်းအောင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများ၏ ဝိုင်းဝန်းဆွေးနွေးမှုများအပေါ် လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# YBS တွင် အမျိုးသမီးယာဉ်မောင်းများ လုပ်ကိုင်လိုပါက အထူးယာဉ်မောင်းသင်တန်းသို့ လာရောက်လျှောက်ထားနိုင်

**ရန်ကုန် ဇူလိုင် ၂၆**

YBS ယာဉ်လိုင်းများတွင် အမျိုးသမီးယာဉ်မောင်းများ ဝင်ရောက်လုပ်ကိုင်ရန် စိတ်ဝင်စားပါက YBS အထူးယာဉ်မောင်း သင်တန်းသို့ လာရောက်လျှောက်ထားနိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းများတွင် အစိုးရအစီအစဉ်နှင့် ပုဂ္ဂလိကအစီအစဉ်တို့ဖြင့် ယာဉ်အသစ် အစီး ၂၀၀၀ ကျော်ရောက်ရှိနေပြီး ကျွမ်းကျင်ယာဉ်မောင်းများစွာလိုအပ်နေသည့်အတွက် YBS အထူးယာဉ်မောင်းသင်တန်းကို စတင်ဖွင့်လှစ်လျက်ရှိရာ စိတ်ပါဝင်စားသော အမျိုးသမီး ယာဉ်မောင်းများအနေဖြင့်လည်း သင်တန်းတက်ရောက်ရန် လာရောက်လျှောက်ထားပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA)တို့ ပူးပေါင်း၍ YBS အထူးယာဉ်မောင်းသင်တန်း အပတ်စဉ်(၁)ကို ဇူလိုင် ၁၇ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး လာရောက်လျှောက်ထားသူ ၄၀၀ ကျော်အထိရှိခဲ့ကာ သင်တန်းအပတ်စဉ်(၁)တွင် ယာဉ်မောင်း ၁၀၅ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လာရောက်လျှောက်ထားသူများသည် ခရီးသည်တင်ယာဉ်ကြီးမောင်းနှင်နိုင်မှုရှိ၊ မရှိ၊ ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ အပါအဝင် ကနဦးစစ်ဆေးချက်များ အောင်မြင်မှသာ သင်တန်းသို့ တက်ရောက်ခွင့်ရခြင်းဖြစ်ပြီး ယာဉ်မောင်းလိုင်စင် အနိမ့်ဆုံး (ခ)လိုင်စင် သုံးနှစ်သက်တမ်းနှင့် အထက်ရှိသော ယာဉ်မောင်းများကိုသာ လက်ခံသည်ဟု သိရသည်။ ယင်းသို့ လာရောက်လျှောက်ထားမှုများတွင် အမျိုးသမီးယာဉ်မောင်းများ မပါဝင်သော်လည်း စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်လျှောက်ထားနိုင်ပြီး ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများတွင် လက်ခံပေးသွားမည်ဟု သိရသည်။

"အမျိုးသမီး ယာဉ်မောင်းတွေလည်း စိတ်ဝင်စားလာရင် သင်တန်းလာလျှောက်လို့ရပါတယ်။ အမျိုးသမီးယာဉ်မောင်းတွေကိုလည်း ခန့်အပ်ချင်ပါတယ်။ YBS မှာ ကားအသစ်တွေလည်းရောက်နေတော့ တကယ်ကျွမ်းကျင်ယာဉ်မောင်းတွေ အများကြီးလိုအပ်ပါတယ်"ဟု ဒေါက်တာမောင်အောင်က ပြောသည်။

အဆိုပါ သင်တန်းတွင် အောင်မြင်သူများကို သင်တန်းဆင်းအောင်လက်မှတ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်- မြန်မာ နှစ်ဘာသာဖြင့် နိုင်ငံတကာအသိအမှတ်ပြု ယာဉ်မောင်းသင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် သင်တန်းအောင်မြင်သော ယာဉ်မောင်းများကို YBS ယာဉ်လိုင်းများတွင် မောင်းနှင်နိုင်ရန် ယာဉ်လိုင်းကုမ္ပဏီများက အလုပ်ခန့်အပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဆုနှင်းလှဲ့)**

# မိခင်သေဆုံးမှုလေ့လာဆန်းစစ်ခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၁၆ ခုနှစ်အတွင်း မိခင်သေဆုံးမှု ၁၃ ဦးသာရှိခဲ့ပြီး ယခုနှစ် ခြောက်လအတွင်း မိခင်သေဆုံးမှု ၁၁ ဦးအထိရှိလာသောကြောင့် မိခင်နှင့် မျိုးဆက်ပွားဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်အတွင်းရှိ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနားနှင့် ပုဗ္ဗသီရိမြို့နယ်များမှ ရပ်ကွက်၊ ကျေးရွာများသို့ မိခင်သေဆုံးမှု လျော့နည်းပပျောက်ရေးအတွက် သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသော မြို့နယ်များကိုလည်း ယခုနှစ်အတွင်း ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နေပြည်တော် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှ မိခင်၊ ကလေး၊ ကျောင်းကျန်းမာ၊ အာဟာရ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ လှိုင်လှိုင်ဌေးက ပြောကြားသည်။

မိခင်သေဆုံးမှု လေ့လာဆန်းစစ်ခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၄ ရက်က နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိခင်နှင့် မျိုးဆက်ပွားဌာနခွဲ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ နှင်းနှင်းလွင်နှင့်အဖွဲ့၊ တိုင်းဒေသကြီးအဆင့် မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှု တုံ့ပြန်ဆောင်ရွက်ခြင်းကော်မတီမှ တာဝန်ရှိသူ ၁၄ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိခင်သေဆုံးမှု လေ့လာဆန်းစစ်ခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများကို တိုင်းဒေသကြီးအဆင့် မိခင်သေဆုံးမှုဆိုင်ရာ စောင့်ကြပ်ကြည့်ရှုတုံ့ပြန်ဆောင်ရွက်ခြင်းကော်မတီဝင် ၁၄ ဦးတို့က သုံးလတစ်ကြိမ်ဖြင့် တစ်နှစ်လျှင် လေးကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ မြေပြင်လေ့လာဆန်းစစ်ချက်များထဲမှ ဆွေးနွေးပြီးရလဒ်များကို မြေပြင်အထိ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောပေးလျက်ရှိကြောင်း သိရသည်။

**(သန့်မောင်)**

## ကြေးမုံ သတင်းတိုများ

### ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုဆုချီးမြှင့်

**ပျဉ်းမနား ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၆-၂၀၁၇ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် အသင်းစုရုံးချုပ်ခန်းမ၌ပြုလုပ်ရာ နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများ ဖတ်ကြားတင်ပြအတည်ပြုချက်ရယူပြီး လုပ်ငန်းထူးချွန်ဆုရအသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၅၈၆)**

### စုပေါင်းသွေးလှူပွဲပြုလုပ်မည်

**နေပြည်တော် ဇူလိုင် ၂၆**

"စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း"က ကြီးမှူးပြုလုပ်သော (၈)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဩဂုတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို သွေးလှူနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း"မှ အမှတ်တရ ချစ်စရာလက်ဆောင်ငါးမျိုးဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူမည့်ပုဂ္ဂိုလ်များအနေဖြင့် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း ၀၉- ၅၁ ၃၅၅ ၁၅၊ ၀၉-၇၈ ၆၆၇၇ ၂၉၂ တို့သို့ ဩဂုတ် ၂ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မံစီ ဇူလိုင် ၂၆**

ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မံစီမြို့နယ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အဆောက်အအုံ(၄၀× ၅၀×၂၄)ပေ အာစီနှစ်ထပ်အဆောက်အအုံသစ်ဆောက်လုပ်ခြင်းနှင့် ရေခူးမံခံကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဗန်းမော်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်၊ ဦးစီးအရာရှိ(နည်းပညာ) ဦးယဉ်ခိုင်၊ မံစီမြို့နယ် ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိ အင်ဂျင်နီယာများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(ကြေးမုံ)**


### စာပေဟောပြောပွဲကျင်းပ

**မအူပင် ဇူလိုင် ၂၆**

မအူပင်တက္ကသိုလ် အရှေ့တိုင်းပညာဌာနက ကြီးမှူးသည့် စာပေဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မအူပင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီနီဦးက အဖွင့်အမှာစကားပြောကြားပြီး မအူပင်တက္ကသိုလ် အရှေ့တိုင်းပညာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာအောင်သန်းဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပါမောက္ခ(ဌာနမှူး-ငြိမ်း)ဆရာမကြီး ဒေါ်အုန်းမြင့်က ဘဝအလှဖန်တီးရှင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပါမောက္ခ(ဌာနမှူး-ငြိမ်း)ဆရာကြီး ဦးအေးမင်းက သင်ကြားသင်ယူမှုအတွေးစများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ စာပေဟောပြောပွဲသို့ မအူပင်တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ တစ်ထောင်ခန့် တက်ရောက်ခဲ့ကြသည်။

**(သီသီမင်း)**



ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း ဂျပန် JICAODLOAN ချေးငွေဖြင့် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လယ်မြေဧက ၈၀၀ ကျော် ရေပေးဝေနိုင်သော မြောက်နဝင်းလက်ခွဲတူးမြောင်း CL-27 နှင့် ယင်းတူးမြောင်းမှခွဲထွက်သည့် တူးမြောင်းလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အရည်အသွေးပြည့်မီစွာဖြင့် ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် ဇူလိုင် ၂၂ ရက်က တည်ဆောက်ရေး (၂)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူ၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးဆွေ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်းနှင့် ဦးစီးအရာရှိများက ကွင်းဆင်းစစ်ဆေးစဉ်။ **(၄၉၇)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၂ စီး၊ သွင်းကုန် ၆၂၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၅ စီး၊ သွင်းကုန် ၁၂၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၅ ရက် ရေပူအမြဲတမ်းစစ်ဆေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅ သန်းခန့်) စုစုပေါင်းတားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကားများ။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၂၅ ရက်တွင် မြဝတီမှ ရန်ကုန်သို့သွားရောက်မည့် Toyota Wish သုံးစီး၊ Daihatsu Hijet တစ်စီးတို့ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၅ သန်းခန့်ကို သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရောဝတီမြစ်ကြောင်း သစ်ခိုးထုတ်မှုစစ်ဆင်ရေးမှ ကျွန်း ၁၃၉ တန်နှင့် သစ်မာ ခုနစ်တန် သိမ်းဆည်းရမိ

**မုံရွာ ဇူလိုင် ၂၆**

ဧရာဝတီမြစ်ကြောင်း သစ်ခိုးထုတ်မှုစစ်ဆင်ရေးကို စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၂၁ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်အထိ ဧရာဝတီမြစ်အတွင်းမှ ကျွန်း ၁၂၆ တန်၊ ချွေလီမြစ်အတွင်းမှ ကျွန်း ၁၃ တန်နှင့် သစ်မာ ခုနစ်တန်ခန့် သိမ်းဆည်းရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းထံမှ သိရသည်။

“ဧရာဝတီမြစ်ရေက နည်းနည်းပြန်ကျသွားပြီ။ လက်ရှိအခြေအနေက ဖောင်မျှောလို့ ကောင်းနေတဲ့အတွက် တရားမဝင် သစ်လုပ်တဲ့သူတွေက အခွင့်ကောင်းယူလာနိုင်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းရယ်၊ မန္တလေးတိုင်းရယ် သစ်တောဦးစီးဌာနနှစ်ခုက ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တင်မက မြစ်ကမ်းတစ်လျှောက်မှာပါ နယ်မြေရှင်းလင်းရေးတွေကို တစ်ပြိုင်တည်း ဆောင်ရွက်နေပါတယ်။ ဒီလို ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကာ တစ်ဖက်ကိုစက်လှေနဲ့ သယ်ပြီး မန္တလေးတိုင်းထဲကို သွားတာတွေလည်းရှိပါတယ်။ ဒါတွေကိုပါ တစ်ပြိုင်တည်း သိမ်းဆည်းရမိဖို့ အကောင်အထည်ဖော် လှုပ်ရှားဆောင်ရွက်တာ ဖြစ်ပါတယ်” ဟု ဦးခင်မောင်ဝင်းက ရှင်းပြသည်။

ပထမဦးဆုံး စတင်လှုပ်ရှားသည့်နေ့တွင် ရွှေဘိုခရိုင်စစ်ကြောင်းအဖွဲ့က တန် ၈၀ ကျော် သိမ်းဆည်းရမိပြီး ကသာအဖွဲ့ကလည်း သိမ်းဆည်းရမိခဲ့သည်။ သစ်များသည် များသောအားဖြင့် ဧရာဝတီမြစ်အထက်ပိုင်းနှင့်ချွေလီမြစ်မှ ဧရာဝတီအတွင်း ဝင်လာသည့်သစ်များဖြစ်သည်။ သစ်သယ်သူတို့သဘာဝသည် နေ့ဘက်တွင်မြစ်ကြောင်းထဲမှ မသွားဘဲ ညဘက်မှ အမှောင်ခိုသွားလာလှုပ်ရှားကြခြင်းဖြစ်ပြီး နေ့ဘက်တွင် ခို၍ရသည့်ကွေ့လေးများ၊ အိုက်ကလေးများတွင် ဝင်ပုန်းနေတတ်ရာ သစ်တောအဖွဲ့များက အဆိုပါနေရာများတွင် ရှာဖွေဖမ်းဆီးရသည့်အတွက် ပမာဏများစွာ သိမ်းဆည်းရမိခြင်းဖြစ်ကြောင်းသိရသည်။

ဆက်သွယ်ရေး တိုးတက်လာသည့်အတွက် လမ်းကြောင်းတစ်လျှောက်တွင် ကြိုတင်လွှတ်ခြင်း၊ အခြေအနေကြည့်ခြင်း များစွာရှိပြီး သစ်တောဝန်ထမ်းများ လှုပ်ရှားမှုကို တွေ့သည်နှင့် ကိုယ်လွတ်ရုန်းပြေးကြသည်များရှိသောကြောင့် ပိုင်ရှင်မဲ့သာ အများဆုံး သိမ်းဆည်းရမိနေခြင်းဖြစ်ကြောင်း သိရသည်။ ဧရာဝတီစစ်ကြောင်းစတင်သော ဇူလိုင် ၂၁ ရက် ပထမဦးဆုံးမိသော ရွှေဘိုခရိုင်အနေဖြင့် သစ်ဖောင်ပေါ်မှာ ပိုင်ရှင်မတွေ့ရသော်လည်း သက်သေခံမှတ်ပုံတင်များ၊ အခြားအထောက်အထားများ တွေ့ရသောကြောင့် ဖမ်းမိကာ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## ဘူးသီးတောင်မြို့နယ်၌ မသင်္ကာသူ နှစ်ဦးဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက မသင်္ကာသူနှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တင်းမေကျေးရွာ ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တင်းမေကျေးရွာနေ အာမောက်ခေါ်ဘီနှင့် မြောက်ဘဒကားကျေးရွာနေ အဒူဟိုက်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သာစည်မြို့နယ်၌ သေနတ်များ သိမ်းဆည်းရမိခဲ့သည့် ဖြစ်စဉ်မှ စစ်ဆေးချက်အရ ဖောက်ခွဲရေးပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်၌ မောင်းပြန်သေနတ်များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်ပြီး မြဝတီမြို့၌ ဖမ်းမိခဲ့သည့် ကျူးလွန်သူများအား စစ်ဆေးချက်အရ ဖောက်ခွဲရေးပစ္စည်းများအား မြဝတီမြို့ အမှတ် (၅) ရပ်ကွက်၌ ယမန်နေ့က ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်၌ သေနတ်များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်မှ ဆက်စပ်ဖော်ထုတ်ချက်အရ အောင်စိုးမင်း (ခ)ကိုစိုးနှင့် သန်းလှိုင်တို့ နှစ်ဦးအား ဇူလိုင် ၂၃ ရက်က မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးအား စစ်ဆေးချက်အရ မြဝတီမြို့ အမှတ် (၅) ရပ်ကွက် ဓမ္မာရုံအနောက်ဘက်ရှိ ဝါးရုံတောအတွင်း မြှုပ်နှံထားသည့် TNT ယမ်းတောင့် ၁၀၀၊ ဒီတိုနေတာ ၁၆ ခုနှင့် ယမ်းကြိုးခွေ လေးခွေတို့အား ဇူလိုင် ၂၅ ရက်က ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆိုင်ကယ်စီး၍ လက်ကိုင်ဖုန်းလုယက်သူနှစ်ဦးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ခုနစ်နှစ်စီ မိတ္ထီလာမြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်

**မိတ္ထီလာ ဇူလိုင် ၂၆**

မိတ္ထီလာတွင် ဆိုင်ကယ်စီး၍ လက်ကိုင်ဖုန်းလုယက်သူနှစ်ဦးအား အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် ဇူလိုင် ၂၆ ရက် ညနေ ၃ နာရီတွင် မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ အမှုဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီခန့်က သူငယ်ချင်းဖြစ်သူ မောင်ကျော်ဇောလင်း မောင်းနှင်သည့် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော မောင်ပြည့်စုံအောင်တို့ မိတ္ထီလာကန်ကူးတံတားအရှေ့ထိပ် A1 Image ဆိုင်အနီးအရောက်တွင် လားရာတူဘက်မှ အမည်မသိလူငယ်နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ် အနားသို့ရောက်ရှိစဉ် အနောက်မှထိုင်သည့်လူငယ်က မောင်ပြည့်စုံအောင်၏ ခါးကြားမှ HUAWEI Y62 ဖုန်းကို လုယက်ကာ ခြသေ့်ကြီးနှစ်ကောင်ဘုရားဘက်သို့ မောင်းနှင်ထွက်ပြေးသဖြင့် နောက်မှလိုက်လံဖမ်းဆီးခဲ့သည်။

ခြသေ့်ကြီးနှစ်ကောင်ဘုရားမရောက်မီ မန္တလာမင်းအဝေးပြေးကားဂိတ်အနီးတွင် ဖုန်းလုယူထွက်ပြေးသူနှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး လုယက်သူ ရဲဝင်းအောင်(၂၁)နှစ် ဝန်းဇင်းရပ်ကွက်၊ ဆိုင်ကယ်မောင်းနှင်သူ ကျော်ဇော(၂၃)နှစ် ဝန်းဇင်းရပ်ကွက် စက်ကြီးဆည်မြောင်းရပ် နေထိုင်သူဖြစ်ကြောင်း သိရသည်။

၎င်းတို့အား ရာဇသတ်ကြီးပုဒ်မ ၃၈၂၊ ပုဒ်မ ၃၂၈/၁၁၄ အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခုနစ်နှစ်စီကျခံစေရန် မြို့နယ်တရားရုံးက ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**(၅၇၉)**

## ခရီးသည်များလိုက်ပါလာသော Express ယာဉ်နှင့် Light Truck ယာဉ်တိမ်းမှောက်

**တောင်ငူ ဇူလိုင် ၂၆**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက Light Truck ယာဉ်နှင့် ခရီးသည်တင် Express ယာဉ်တစ်စီးတို့ တိမ်းမှောက်မှုဆက်တိုက်ဖြစ်ပွားခဲ့ကာ ခုနစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် နံနက် ၃ နာရီ ၂၅ မိနစ်က ဒိုက်ဦးမြို့နယ် အုတ်သျှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်(၆၂/၀)အနီးတွင် နေပြည်တော်မှရန်ကုန်သို့ ယာဉ်မောင်းကိုကိုလွင်(၂၆)နှစ် ဘုရားကြီးကျေးရွာ ပဲခူးမြို့နယ်နေသူမောင်းနှင်လာသော ယာဉ်အမှတ် 8F/---- Light Truck မော်တော်ယာဉ်မှာ မောင်းလာစဉ်အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးကို တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်နောက်ဘီးပြုတ်ထွက်၊ ကိုယ်ထည်ပိန်ချိုင့်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က တောင်ငူမြို့နယ် ဇီးပင်သာအမြန်လမ်းမကြီးရဲစခန်းအပိုင် မိုင်တိုင်(၁၆၁/၇)အနီးတွင် နေပြည်တော်မှရန်ကုန်သို့ ယာဉ်မောင်းသန်းလင်းအောင် (၂၇)နှစ် အောင်မင်္ဂလာအဝေးပြေးဝင်း မင်္ဂလာဒုံမြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 5N/---- ဂျူပီတာ ခရီးသည်တင် Express ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးကိုတိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်သွားခဲ့ရာ ယာဉ်ပေါ်ပါရှိလာသူ ၁၂ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးငါးဦး ထိခိုက်ဒဏ်ရာရရှိကာ တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် တောင်ငူဆေးရုံသို့ တင်ပို့ဆေးကုသထားရကြောင်း သိရသည်။ Express ယာဉ်မှာရှေ့လေကာမှန်ကွဲ ကိုယ်ထည်ပိန်ချိုင့် ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်များနှင့်ပက်သက်၍ Light Truck ယာဉ်မောင်းကို အုတ်သျှစ်ကုန်း အမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၁၅/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့်လည်းကောင်း၊ Express ယာဉ်မောင်းကို ဇီးပင်သာ အမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၁၁/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၇/၃၃၈ ဖြင့်လည်းကောင်း အမှုဖွင့်လှစ်ထားကြောင်း သိရသည်။



**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

❐

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း**

**(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ကော်မတီ**ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ ဝန်ကြီးဌာနက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ အကြီးအမှူးကို ဆိုသည်။

(စ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်**ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကို ဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်း ပါဝင်သည်။

(ဆ) **စက်မှုဒီဇိုင်း**ဆိုသည်မှာ မျဉ်းကြောင်းများ၊ ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ပုံသဏ္ဌာန်၊ မျက်နှာပြင်အနေအထား၊ ရက်ထည်အသား၊ ထုတ်ကုန်ပစ္စည်းတို့၏ သွင်ပြင်လက္ခဏာများ သို့မဟုတ် ယင်းတို့၏ အလှအပအဆင်တန်ဆာ သို့မဟုတ် ယင်းတို့၏ သွင်ပြင်လက္ခဏာများနှင့် အလှအပအဆင်တန်ဆာတို့မှ ပေါ်ထွက်လာသော စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတို့၏ အပြင်ပန်းပုံသဏ္ဌာန်ကို ဆိုသည်။

(ဇ) **ထုတ်ကုန်**ဆိုသည်မှာ စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်း တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်သော စက်မှုပစ္စည်း သို့မဟုတ် လက်မှုပစ္စည်းတွင် တပ်ဆင်ရမည့် အစိတ်အပိုင်းများ၊ ရုပ်ပုံသင်္ကေတများ၊ ပုံနှိပ်စာလုံးပုံသဏ္ဌာန်များ၊ ထုတ်ပိုးမှုနှင့် အပြင်အဆင်တို့ ပါဝင်သည်။ ယင်းစကားရပ်တွင် ကွန်ပျူတာ ပရိုဂရမ်များ မပါဝင်။

(ဈ) **စက်မှုဒီဇိုင်းပိုင်ရှင်**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ရှင်အဖြစ် အသိအမှတ်ပြု မှတ်တမ်းတင်ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။

(ည) **ဖန်တီးသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းတစ်ခုခုအား ဖန်တီးသူကို ဆိုသည်။

(ဋ) **အခွင့်အရေးရရှိသူ**ဆိုသည်မှာ စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ယင်း၏ အခွင့်အရေးများကို တရားဝင်ခံစားခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဖက်သဘော တူညီသော အခကြေးငွေဖြင့် အလုပ်သမား တစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲ အုပ်ချုပ်ပြီး အလုပ်သမားအတွက် လုပ်ခပေးရန်၊ အလုပ်ခန့်ထားရန်နှင့် အလုပ်မှရပ်စဲရန် တာဝန်ရှိသူ တစ်ဦးဦး၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ရပ်ရပ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်၊ ပုဂ္ဂလိကပိုင်လုပ်ငန်းတွင် အလုပ်ရှင်ကွယ်လွန်ပါက ယင်း၏ တရားဝင် အမွေဆက်ခံသူနှင့် အစုရှယ်ယာ တရားဝင်လက်ခံရရှိ သူတို့လည်း ပါဝင်သည်။

(ဍ) **အလုပ်သမား**ဆိုသည်မှာ မိမိ၏ ကာယအား၊ ဉာဏအားကို အသုံးပြု၍ လုပ်ကိုင် ရရှိသောလုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း တစ်ရပ်ရပ်၏ ဝန်ထမ်းများလည်း ပါဝင်သည်။

(ပ) **အဖွဲ့ဝင်နိုင်ငံ**ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ သို့မဟုတ် သဘောတူညီချက်များ သို့မဟုတ် ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံ တစ်ခုခုကို ဆိုသည်။

(ဖ) **တရားရုံး**ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စစ်ဆေးစီရင်ရန် ဥပဒေအရ တည်ထောင်သော တရားရုံးကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ တရားရုံးများ တည်ထောင်ခြင်း မပြုမီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့် အာဏာနှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားသည့် တရားရုံးများလည်း ပါဝင်သည် ။

(ဗ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်သည့် ဦးစီးဌာနရှိ ညွှန်ကြားရေးမှူး အောက်မနိမ့်သော အရာရှိကို ဆိုသည်။

(ဘ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စစ်ဆေးမှုများဆောင်ရွက်သည့် ဦးစီးဌာနရှိ ဦးစီးအရာရှိနှင့်အထက် အဆင့်ရှိသော အရာရှိကိုဆိုသည်။

(မ) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ ၃၆ ပါဦးစားပေးအခွင့်အရေးကို ဆိုသည်။

(ယ) **ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ပုဒ်မ၃၇ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ဆိုသည် ။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ခ) စက်မှုဒီဇိုင်းဖန်တီးမှုများကို အကာအကွယ်ပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ဂ) စက်မှုဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးကို အထောက်အကူပြုစေရန်၊

(ဃ) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန် အကျိုးပြုစေရန်၊

(င) ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများ၏ အခွင့်အရေးနှင့် စောင့်ထိန်းရမည့် တာဝန်ဝတ္တရားများအကြား ဟန်ချက်ညီနိုင်ရေးတို့တွင် အထောက်အကူဖြစ်စေရန်။

**အခန်း (၃)**

**ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ**

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူများနှင့် ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ကော်မတီဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူး တို့ကို သတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်တွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များချမှတ်ခြင်းနှင့် ယင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကြီးကြပ်လမ်းညွှန်မှုပေးခြင်း၊

(ခ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၄)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၆။ ဦးစီးဌာနသည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များကို စီမံခန့်ခွဲနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကော်မတီကချမှတ်သော အမျိုးသားအဆင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များတွင် နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ရေးအတွက် ကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းနိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရန်အတွက် ကော်မတီသို့ အကြံပြုတင်ပြခြင်း၊

(င) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ်ပါဝင်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့် တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

(ဇ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဈ) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ထုတ်ပြန်ကြေညာခြင်း၊

(ဋ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဌ) ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနနှင့် ကော်မတီတို့က အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၅)**

**မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများ ခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း**

၇။ ညွှန်ကြားရေးမှူးချုပ်သည် ဦးစီးဌာနတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည့် မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့ကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းကို ဆုံးဖြတ်ခြင်း၊

(ဃ) ကော်မတီနှင့် ဦးစီးဌာနတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သော ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများ တောင်းခံရန် လိုအပ်ပါက မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဃ) စက်မှုဒီဇိုင်းလျှောက်ထားချက်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန် သင့်၊ မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) ကော်မတီ၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

ဆက်လက်ဖော်ပြပါမည်။

# မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

| | | | | | |
|---|---|---|---|---|---|
| (ပ) ပင်မအမှတ်(၁၄) | မြောက်လတ္တီတွဒ် | ၁၄° | ၀၀' | ၅၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၅၀' | ၀၂" |
| (ဖ) ပင်မအမှတ်(၁၅) | မြောက်လတ္တီတွဒ် | ၁၄° | ၁၇' | ၄၂" |
| | အရှေ့လောင်ဂျီတွဒ် | ၉၂° | ၂၄' | ၁၇" |
| (ဗ) ပင်မအမှတ်(၁၆) | မြောက်လတ္တီတွဒ် | ၁၅° | ၄၂' | ၅၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၀° | ၁၄' | ၀၁" |

မှတ်ချက်။ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၆ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ်(၃၁) နှင့် ၁၉၇၉ ခုနှစ်ထုတ် အိန္ဒိယရေပုံအမှတ် (၄၁)တို့မှ ဖြစ်သည်။

**မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်**

၁။ ၁၉၈၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သော မြန်မာ-ထိုင်း ပင်လယ်ပြင်နယ်နိမိတ်မှာ အောက်ဖော်ပြပါ ပင်မအမှတ်(၉) မှတ်အား ဆက်သွယ်ထားသော မျဉ်းဖြောင့်များဖြစ်သည်-


**ဇယား**

| | | | | |
|---|---|---|---|---|
| (က) ပင်မအမှတ်(၁) | မြောက်လတ္တီတွဒ် | ၀၉° | ၃၂' | ၁၅" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၆' | ၂၀" |
| (ခ) ပင်မအမှတ်(၂) | မြောက်လတ္တီတွဒ် | ၀၉° | ၃၄' | ၂၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၂' | ၁၀" |
| (ဂ) ပင်မအမှတ်(၃) | မြောက်လတ္တီတွဒ် | ၀၉° | ၃၄' | ၅၄" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၅၁' | ၁၂" |
| (ဃ) ပင်မအမှတ်(၄) | မြောက်လတ္တီတွဒ် | ၀၉° | ၃၅' | ၃၉" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၄၅' | ၂၉" |
| (င) ပင်မအမှတ်(၅) | မြောက်လတ္တီတွဒ် | ၀၉° | ၃၆' | ၀၂" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၄၃' | ၂၉" |
| (စ) ပင်မအမှတ်(၆) | မြောက်လတ္တီတွဒ် | ၀၉° | ၃၇' | ၂၄" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၃၇' | ၃၆" |
| (ဆ) ပင်မအမှတ်(၇) | မြောက်လတ္တီတွဒ် | ၀၉° | ၄၀' | ၃၅" |
| | အရှေ့လောင်ဂျီတွဒ် | ၉၇° | ၂၆' | ၃၆" |
| (ဇ) ပင်မအမှတ်(၈) | မြောက်လတ္တီတွဒ် | ၀၉° | ၄၅' | ၃၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၆° | ၂၉' | ၃၅" |
| (ဈ) ပင်မအမှတ်(၉) | မြောက်လတ္တီတွဒ် | ၀၉° | ၃၈' | ၀၀" |
| | အရှေ့လောင်ဂျီတွဒ် | ၉၅° | ၃၅' | ၂၅" |

မှတ်ချက်။ ကိုဩဒိနိတ်များမှာ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော ၁၉၇၅ ခုနှစ်ထုတ် ဗြိတိသျှရေပုံ အမှတ် (၃၀၅၂) နှင့် ဗြိတိသျှရေပုံအမှတ် (၈၃၀) တို့မှ ဖြစ်သည်။

နောက်ဆက်တွဲ (ဝ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံများ၏ ပင်လယ်ပြင်နယ်နိမိတ်မျဉ်းများပြပုံ



# နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**မြစ်ကြီးနား ဇူလိုင် ၂၆**

ကချင်ပြည်နယ် အစိုးရအဖွဲ့မှကြီးမှူး၍ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးစီးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၁ နာရီက မြစ်ကြီးနားမြို့ မော်ဖောင်းကျေးရွာအုပ်စု အလယ်မော်ဖောင်းကျေးရွာရှိ ကျေးရွာပြည်သူ့ခန်းမ၌ ကျင်းပရာ ပြည်နယ်လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် မြစ်ကြီးနားခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက နိုင်ငံသားအရည်အချင်းပြည့်မီသူနိုင်ငံသားများအား နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့၏ လမ်းညွှန်မှုဖြင့် ပြည်နယ်ဦးစီးမှူးရုံးမှ အနီးကပ်ကြီးကြပ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသူများ၊ ပျက်စီးပျောက်ဆုံးသူများအား အချိန်နှင့်တစ်ပြေးညီအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုစီမံချက်မှာလည်း သစ္စာစီမံချက်တွင်ပါဝင်သည့် မူဝါဒ(၁၉)ရပ်အနက်မှ ရပ်ကွက်ကျေးရွာများအတွင်း နိုင်ငံသားစိစစ်ရေးကတ်မပြုလုပ်ရသေးသူများအား နိုင်ငံသားစိစစ်ရေးကတ် ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မှုမှ ကွင်းဆင်းဆောင်ရွက်ထားသူများအားလွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်တာဝန်ရှိသူတို့က အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ထားသူ ၁၄၆ ဦးနှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ထားသူ ၃၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားသို့ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးဆန်းလွင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုးကျော်နှင့် ဒေသခံပြည်သူများ အင်အား ၁၀၀ ကျော် တက်ရောက်ကြသည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသကခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် တာဝန်ရှိသူများက အသက်(၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၃၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွှဲပြောင်းပေးအပ်ခဲ့ကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်ကေသွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

# ဝါချည်မျှင်အရည်အသွေးဆိုင်ရာပညာပေးသင်တန်းဖွင့်

**မိတ္ထီလာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲက ဖွင့်လှစ် သော ဝါချည်မျှင်အရည်အသွေးဆိုင်ရာပညာပေးသင်တန်းတွင် သင်တန်းသူ သင်တန်းသား ၃၀ တက်ရောက် သင်ကြားလျက်ရှိကြောင်းသိရသည်။

ဝါချည်မျှင်အရည်အသွေးဆိုင်ရာပညာပေးသင်တန်းကို ဇူလိုင် ၁၇ ရက်က မိတ္ထီလာမြို့ ဂွမ်းမွေးနှင့် ချည်အရည်အသွေးစမ်းသပ်ဌာနတွင် ဖွင့်လှစ်ပို့ချရာ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခွဲ(၂)ခွဲနှင့် ဝါသီးနှံမျိုးသန့်ခွဲ(၅)ခွဲတို့က ဒုတိယဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများစသည့် စိုက်ပျိုးရေးဝန်ထမ်း ၃၀ တို့ တက်ရောက်သင်ယူခဲ့ပြီး သင်တန်းသား သင်တန်းသူများကို စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ကြောင်း ဂွမ်းမွေးနှင့်ချည်အရည်အသွေးစမ်းသပ်ဌာန မိတ္ထီလာမြို့ တာဝန်ခံဒေါ်တင်မိုးသူက ပြောသည်။

သင်တန်းကို မိတ္ထီလာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဝင်းထိန်၊ ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲနေပြည်တော်က လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာအေးနှင့် ဂွမ်းမွေးနှင့်ချည်အရည်အသွေးစမ်းသပ်ဌာန မိတ္ထီလာမြို့ တာဝန်ခံ ဒေါ်တင်မိုးသူတို့ တက်ရောက်ခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# ကျောင်းသားမိဘများအား ပထမတန်းသင်ရိုးသစ်နှင့် ပတ်သက်၍ရှင်းလင်းဆွေးနွေး

**ခင်ဦး ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အောင်သီရိရပ် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသားမိဘများအား ပထမတန်းသင်ရိုးသစ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ ပထမတန်းကျောင်းသားမိဘများ စုစုပေါင်း ၉၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ဝင်းက ပညာရေးစနစ်သစ်၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆွေက ယခုပညာရေးသည် ဘာသာရပ်ကိုဦးတည်ပြီး သင်သောနည်းစနစ်မဟုတ်ဘဲ ဘာသာရပ်ကို အခြေခံပြီး ကျောင်းသား ကျောင်းသူများ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးကို ဦးတည်သော နည်းစနစ်ဖြင့် သင်ကြားနေကြောင်း၊ ပထမတန်းသင်ရိုးသစ်နှင့်ပတ်သက်၍ ကျောင်းသား မိဘများကို ရှင်းလင်းဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ပထမတန်းသစ်ရိုးသစ် သင်ကြားနေသော ဆရာမများက မိမိတို့ ဘာသာရပ်အလိုက် သင်ကြားနေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

**ခင်ဦးစိုးဝေ**

# လူမှောင်ခိုလူကုန်ကူးမှုတိုက်ဖျက်ရေးအကြောင်း အသိပညာပေးဟောပြော

**တံတားဦး ဇူလိုင် ၂၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ ပူးပေါင်းပြီး လူကုန်ကူးမှု တိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခွဲက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားပြီး အမှတ်(၁၁) လူမှောင်ခိုလူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်သက်ထွန်းဝင်းက လူမှောင်ခိုလူကုန်ကူးမှုတားဆီးရေးအကြောင်းအရာများကို ရှင်းလင်းပြောကြားရာတွင် လူကုန်ကူးမှုဖြစ်ပွားပါက နီးစပ်ရာ ရဲစခန်းများသို့ အကူအညီတောင်းခံနိုင်ပါကြောင်း၊ လူကုန်ကူးမှု မဖြစ်ပွားရေးအတွက် ဌာနဆိုင်ရာများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တံတားဦးမြို့နယ် ဒုတိယဥပဒေအရာရှိ ဒေါ်မွန်မွန်အောင်က လူမှောင်ခိုလူကုန်ကူးမှုနှင့် ပတ်သက်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများ သိရှိနိုင်ရေးအတွက် ဥပဒေအကြောင်းအရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀၀ ကျော်တက်ရောက်ကြကြောင်းသိရသည်။ **ရဲတင့်(ပြန်/ဆက်)**

# မင်းဘူးမြို့၌ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ အခမဲ့လာရောက်ကုသ

**မင်းဘူး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ ကွင်းဆင်းကုသ ခြင်းနှင့် ခွဲစိတ်ကုသခြင်းကို ဇူလိုင် ၂၆ ရက် နံနက် ပိုင်းက ကုသဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



"ဒီနေ့ လာရောက်ကုသပေးတဲ့ဆရာဝန်ကြီးတွေက ပါမောက္ခ ဒေါက်တာဦးမောင်မောင်ခိုင် ဦးဆောင်ပြီး အထူးကုဆရာဝန်ကြီး ခြောက်ဦးနဲ့ နယ်ခံဆရာဝန်ကြီး နှစ်ဦး၊ ဆေးရုံကဆရာ ဆရာမတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာပါ၊ ဒီနေ့ လာရောက်ကုသတဲ့လူနာဦးရေက ၇၀၀ ကျော်ရှိပါတယ်။ စမ်းသပ်ခ၊ ဆေးဝါး၊ ခွဲစိတ်ကုသခ အခမဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ခွဲတဲ့အခါမှာလည်း ရောဂါအနုအရင့်ပေါ် မူတည်၍ ရောဂါနုရင် ခွဲစိတ်စစ်ဆေးပြီး ဆင်းလို့ရပါတယ်။ အချို့ရောဂါကြီးတဲ့ လူနာကိုတော့ ဆေးရုံတင်ပြီးတော့ ဆက်လက်ကုသ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မင်းဘူးမြို့ ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်စိုးက ပြောသည်။

"ကျွန်တော်တို့က နိုင်ငံတော်အစိုးရ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်က အထူးကုဆေးရုံတွေမှာပဲ မနေဘဲ ရန်ကုန်၊ မန္တလေးကိုမလာနိုင်တဲ့ နယ်တွေမှာရှိတဲ့ ပြည်သူတွေကို နယ်မြေကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်းမှာဆိုရင် မကွေး၊ မင်းဘူး၊ ပခုက္ကူဆေးရုံတွေမှာ ကုသဆောင်ရွက်ပေးမှာပါ၊ ကုသမှုပေးတဲ့အခါမှာ ဆေးပေးပြီး ကုသရတာတွေရှိတယ်။ ခွဲစိတ်ဖို့လိုအပ်ရင်လည်း တစ်ခါတည်းခွဲပေးပါတယ်။ အချို့လူနာတွေက ချက်ချင်းခွဲလို့မရတဲ့လူနာတွေရှိတယ်။ ဒီ လူနာတွေကို စမ်းသပ်ချက်တွေအဆင့်ဆင့်ဆောင်ရွက်ပေးပြီး နောက်ပိုင်းဆေးရုံမှာကုသနိုင်ဖို့အထိ စီစဉ်ပေးထားခဲ့ပါတယ် "ဟု ပါမောက္ခဒေါက်တာဦးမောင်မောင်ခိုင်ကပြောသည်။ **ဖိုးပြည့်(မင်းဘူး)**

## အောက်မြန်မာပြည်

# အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းများအားဂုဏ်ပြုလွှာပေးအပ်




**ပေါင်းတည် ဇူလိုင် ၂၆**

ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး နဝရတ်ခန်းမ၌ ဇူလိုင် ၂၅ ရက် မွန်းတည့် ၁၂ နာရီက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွက် အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးအခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးနိုင်က အခွန်ဆိုင်ရာများကိုလည်းကောင်း၊ တိုင်းဒေသကြီး ငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာငွေရသုံးဆိုင်ရာများကိုလည်းကောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ အခွန်စည်းကြပ်နှစ်အတွင်း ပေါင်းတည်မြို့နယ်မှ အခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၂၅ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံး ထမ်းဆောင်ခဲ့သည့်အခွန်ထမ်းခြောက်ဦးတို့အား ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး အခွန်တာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းပြည်သူ ဦးဇော်မိုးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ရာသီတုပ်ကွေး A/H1N1 ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ရေကြည် ဇူလိုင် ၂၆**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းက ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများမှ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၈ စုမှ အုပ်ချုပ် ရေးမှူးများ၊ မြို့ပေါ်ရှိလူမှုရေးအသင်းအဖွဲ့ဝင်များအား ရာသီတုပ်ကွေးရောဂါ A/H1N1 နှင့်ပတ်သက်၍ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် ရောဂါလက္ခဏာ များအား အသိပညာပေးဟောပြောခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းအသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ ဒေါက်တာဇော်အောင်ဦးဆောင်သော အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲက ငါးသိုင်းချောင်းမြို့ အ-ထ-က ကျောင်းခန်းမ၌ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူအင်အား ၅၀၀ ခန့်အား အဆိုပါရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းနှင့် ရောဂါလက္ခဏာများအား ဆက်လက်ကွင်းဆင်းလှည့်လည်ဟောပြောခဲ့ကြသည်။

လတ်တလောအခြေအနေတွင် ရောဂါကြိုတင်ကာကွယ်ရေးနှင့်ကျန်းမာရေးအသိပညာဗဟုသုတပေးခြင်းလုပ်ငန်းများအား အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရာသီတုပ်ကွေးရောဂါအတွက် လွန်စွာစိုးရိမ်ကြောင့်ကြမှုများစွာမဖြစ်ပွားဘဲ ကျန်းမာရေး အသိပညာဗဟုသုတနှင့် ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းများအား ပြည်သူလူထုအနေဖြင့်အတိအကျလိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဒေါက်တာဇော်အောင်က တိုက်တွန်းပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား သုံးခွမြို့၌ကျင်းပ

**သုံးခွ ဇူလိုင် ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ငါးသယံဇာတ ပေါကြွယ်ဝစေရေးအတွက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သုံးခွ အနောက်ကျေးရွာ လယ်သမားကြီးဦးမြငွေး၏ စပါးစိုက်ခင်းနှင့် သဘာဝရေပြင်တို့၌ ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးတင့်လွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်သန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးမြင့်နှင့် လယ်သမားဦးကြီး ၂၀ ကျော် တက်ရောက်၍ ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း စိုက်ထည့်မည့် ငါးခုံးမ ငါးသားပေါက်အိတ်များ၊ ငါးမြစ်ချင်း သားပေါက်အိတ်များကို လယ်သမားကြီးများထံ ပေးအပ်ခဲ့ကြကြောင်းသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်သန်းက ယခုလို ငါးမျိုးစိုက်ထည့်ပေးခြင်းအားဖြင့် ငါးစားသုံးသူပြည်သူများ ပေါများစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ငါးများဖမ်းဆီးရာတွင်လည်း တားမြစ်ငါးဖမ်းကာလ ဖြစ်သည့် မေလနှောင်းပိုင်းမှ ဇူလိုင်လများအတွင်း ငါးဖမ်းဆီးခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း၊ တားမြစ်ငါးဖမ်းနည်းများဖြစ်သော အဆိပ်ချငါးဖမ်းခြင်း၊ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းခြင်းများဖြင့် ငါးဖမ်းဆီးခြင်းလုပ်ငန်းများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းငါးမျိုးစိုက်ထည့်ပွဲတွင် စပါးစိုက်ခင်းအတွင်းသို့ ငါးခုံးမကောင်ရေ ၅၀၀၀၀၊ သဘာဝရေပြင်အတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၅၅၀၀၀ တို့ကို စုပေါင်းထည့်သွင်းပေးခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

# ကျေးလက်ဒေသများ NEP စီမံကိန်းဖြင့် မီးလင်းရေးဆောင်ရွက်

**မြိတ် ဇူလိုင် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ကျေးရွာနေ ပြည်သူများပူးပေါင်း၍ ကျေးလက်ဒေသများ NEP စီမံကိန်းဖြင့် မီးလင်းရေး ဆောင်ရွက်လျက်ရှိရာ မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၈ ရွာအတွက် ကျေးရွာများသို့ ဇူလိုင်လဆန်း မှစတင်၍ ဆိုလာပြားများကို အိမ်ခြေ ၂၈၀၃ နှင့် စာသင် ကျောင်းများ၊ ကျန်းမာရေး၊ ဘာသာရေးအဆောက်အအုံများနှင့် လမ်းများသို့ ဆိုလာပြား ၃၄၃၀ အား စနစ်တကျခွဲဝေပေးခဲ့ပြီး တပ်ဆင်နေမှုများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာမီးလင်းရေးစီမံကိန်းဖြစ်သည့် NEP ကျေးရွာ ၆၈ ရွာအတွက် တစ်ရွာလျှင် လမ်းမီး ငါးတိုင်နှုန်းဖြင့် ၃၄၀၊ ကျေးရွာရှိစာသင်ကျောင်း ၆၄ ကျောင်း၊ ကျန်းမာရေးအဆောက်အအုံ ၁၃ ခု၊ ဘာသာရေးအဆောက်အအုံ ၁၀၅ ခုတို့အား အခမဲ့တပ်ဆင်ပေးခြင်းနှင့် အိမ်ခြေ ၂၈၀၃၊ စုစုပေါင်းဆိုလာပြား ၃၄၃၀ အား ကျေးရွာများအရောက် လိုက်လံတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါကျေးရွာများတွင် တပ်ဆင်ပေးလျက်ရှိသော ဆိုလာစက်စွမ်းအားမှာ ဝပ် ၆၀၊ ဝပ် ၄၅ ၊ ဝပ် ၃၀ အမျိုးအစားရှိ



ဆိုလာပြားများကို အိမ်တိုင်ရာရောက် တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၃၀ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ရည်မှန်းချက်ဖြင့် ကမ္ဘာ့ဘဏ်၏ နည်းပညာအကူအညီဖြင့် အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေးစီမံကိန်း (National Electrification Plan)ကို ၂၀၁၄ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး မဟာဓာတ်အားလိုင်းများကို တိုးချဲ့ခြင်းနှင့် မဟာဓာတ်အားလိုင်းမရောက်နိုင်သည့်ကျေးလက်ဒေသများ မီးလင်းရေးဆိုသည့် နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**



# အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးခြင်ဆေးဖျန်း

**မယ်စဲ့ ဇူလိုင် ၂၆**

ကယားပြည်နယ် မယ်စဲ့မြို့နယ်ပြည်သူ့ဆေးရုံ၌ ဟိုစဲ့ကျေးရွာမှ အဋ္ဌမတန်းကျောင်းသားတစ်ဦး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် ဆေးလာရောက်ကုသနေကြောင်း သိရသည်။


မယ်စဲ့မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမှာပထမဆုံးအကြိမ်ဖြစ်ပြီး ဆက်လက်ဖြစ်ပွားမှု မရှိစေရေးအတွက် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၌ မိုးတွင်းကာလအတွင်း ခြင်ကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာအောင်ဇော်ထွန်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပညာရေးဝန်ထမ်းတို့ပူးပေါင်း၍ လူထုလှုပ်ရှားမှု အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# လက်ကမ်းစာစောင်များဖြန့်ဝေ


**ပုဇွန်တောင် ဇူလိုင် ၂၆**

ရထားရဲတပ်ဖွဲ့ အမှတ် (၁၃) တပ်ခွဲ တပ်စု (၂) မလွှကုန်းမှ တပ်စုမှူး ဒုရဲအုပ်အောင်ကျော်ဦးသည် ပုဇွန်တောင်ဘူတာနှင့် မလွှကုန်းဘူတာကြား ရထားသံလမ်းကူးတွင် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက ခရီးသွားပြည်သူများအား ရထားနှင့်ထိခိုက်သေဆုံးမှု မရှိစေရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **၁၁၈**



&efukt a&;Sdkc½kfoCefu ef;rI, fokPöm;upm;uif;vpbk a0;
tm;pepfvu xefodcifqifm;oifwef;tr;Sif0f(2^2017) oifwef
qif;ukv2&ufu uif;&m&efukvka'ou;Dwyf;Ukvd;wka'ou;D
&wyf;bS&rSu;Drdqc½kf;&wyf;bSm;?rIU, &wyf;bSm;?enf;yrm;ESh
oifwef;om;rm;wuf&mufua umif;fo&donf

a u;rk



# "Wonder Woman 2"ကို ရုံတင်မယ့်ရက် ကြေညာ

ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ အမျိုးသမီးလူစွမ်းကောင်းရုပ်ရှင်တစ်ကားဖြစ်တဲ့ "Wonder Woman"ရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်ကို စတင်စီစဉ်နေပြီဖြစ်ကြောင်း ယင်းရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာတော့ ရုပ်ရှင်သစ်အတွက် ရုံတင်ဖို့ရည်ရွယ်ထားတဲ့နေ့ကို တရားဝင်ထုတ်ပြန်ကြေညာပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

မြောက်အမေရိကားမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်ရုံတွေမှာသာမက ကမ္ဘာတစ်ဝန်းရုံတင်ခဲ့တဲ့ ရုပ်ရှင်ရုံတွေမှာပါ ဝင်ငွေအရ ရှေ့ဆုံးက ရပ်တည်နိုင်ခဲ့တာကြောင့် ပထမဆုံးသော "Wonder Woman" ရုပ်ရှင်ဟာ ဝင်ငွေအရ အောင်မြင်ခဲ့တဲ့ ဟောလိဝုဒ်ရုပ်ရှင်တစ်ကား ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် နောက်ဆက်တွဲရုပ်ရှင်သစ်ကို ဖန်တီးဖို့ရာ ဆုံးဖြတ်ခဲ့ပြီး ဒုတိယမြောက်ရုပ်ရှင်ကိုတော့ လာမယ့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအတွင်း ရုံတင်သွားနိုင်ဖို့ သတ်မှတ်ထားတယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၂၅ ရက်မှာတော့ "Wonder Woman"ကို ထုတ်လုပ်ခဲ့တဲ့ ဝါနာဘရိုစ်စတူဒီယိုက ရုံတင်ခဲ့တဲ့ အဖွင့်သီတင်းပတ်မှာ ဝင်ငွေစံချိန်တင်ခဲ့တဲ့ အဆိုပါရုပ်ရှင်ရဲ့ နောက်ဆက်တွဲရုပ်ရှင်အတွက် ရုံတင်ရက်ကိုတော့ လာမယ့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်အဖြစ် သတ်မှတ်ထားကြောင်းနဲ့ လတ်တလောမှာလည်း ရုပ်ရှင်သစ်အတွက် ပြင်ဆင်မှုတွေကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ပထမဆုံးသော "Wonder Woman"ရုပ်ရှင်ကတော့ ပြီးခဲ့တဲ့လအတွင်း စတင်ရုံတင်ခဲ့တာဖြစ်ပြီး မြောက်အမေရိကားမှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

လာမယ့် ရုပ်ရှင်သစ်မှာလည်း ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ ရုပ်ရှင်မှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဒိုင်ယာနာပရင့်စ်အဖြစ် ပါဝင်ခဲ့တဲ့ မင်းသမီး ဂဲလ်ဂတ်ဒေ့ါကပဲ ခေါင်းဆောင်မင်းသမီးအဖြစ် ပြန်လည်ပါဝင်ပေးသွားမှာဖြစ်ကြောင်း မင်းသမီးက တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။ ဂဲလ်ဂတ်ဒေ့ါဟာ လတ်တလောမှာ သူပါဝင်ထားတဲ့ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Justice League"အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေတာဖြစ်ပြီး ယင်းရုပ်ရှင်မှာလည်း သူဟာ "Wonder Woman"က ဇာတ်ကောင်ဖြစ်တဲ့ အမျိုးသမီးလူစွမ်းကောင်း ဒိုင်ယာနာပရင့်စ်အဖြစ်ပဲ ပါဝင်ထားတာဖြစ်ပါတယ်။

"Wonder Woman 2"ကိုတော့ ယခင်ရုပ်ရှင်ကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ ပတ်တီဂျန်ကင်စ်ကပဲ တာဝန်ယူရိုက်ကူးပေးသွားမှာဖြစ်ကြောင်း သတင်းတွေထွက်နေပြီး လတ်တလောမှာတော့ အဆိုပါကောလာဟလတွေကို စတူဒီယိုက အတည်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ သူက ပရိသတ်တွေချစ်မြတ်နိုးနေတဲ့အချိန်မျိုးမှာ ဇာတ်လမ်းသစ်ကို ဆက်သင့်တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

**အေးပြည့် – စုစည်းသည်**

---

## ဘေဘုတ်ရဲ့ ထိပ်တန်းတေးအယ်လ်ဘမ် စာရင်းမှာပါဝင်လာတဲ့ EXO

ပြီးခဲ့တဲ့ ဇူလိုင် ၁၉ ရက်မှာ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ခဲ့တဲ့ တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့ EXO ဟာ လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်နဲ့အတူ နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးသောတေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ ပါဝင်နိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်သစ် "The War"အတွက် နိုင်ငံတကာတေးဂီတဇယားတစ်ခုဖြစ်တဲ့ ဘေဘုတ်ရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ ပါဝင်ခွင့်ရလာခဲ့တာဖြစ်ပြီး နံပါတ် ၈၇ နေရာမှာ ရပ်တည်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Ko Ko Bop" ကိုလည်း တေးဗီဒီယိုနဲ့အတူထုတ်လွှင့်ခဲ့ပြီး ၎င်းကတော့ ကမ္ဘာ့ဒစ်ဂျစ်တယ်တေးသီချင်းအရောင်းဇယားမှာ ဒုတိယမြောက် ရောင်းအားအကောင်းဆုံးတေးသီချင်းအဖြစ် ရပ်တည်နေခဲ့တာဖြစ်ပါတယ်။ "The War"မှာ ပါဝင်တဲ့အခြားသော တေးသီချင်းတွေဖြစ်ကြတဲ့ "The Eve"နဲ့ "Forever"တို့ဟာလည်း ဒစ်ဂျစ်တယ်တေးသီချင်းအရောင်းဇယားမှာ နံပါတ် ရှစ်နေရာနဲ့ ၂၄ နေရာမှာ အသီးသီးရပ်တည်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

---



## ပုန်းလျှိုးကွယ်လျှိုးသွားခဲ့ပေမယ့် မီဒီယာစာမျက်နှာပေါ် ရောက်ခဲ့ရပြန်တဲ့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်

ဟောလိဝုဒ်ရဲ့ နာမည်ကျော်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်နဲ့ ဗြိတိန်နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဂျိုးအော်ဝင်န်တို့ဟာ သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပါဘူး။ ဒ့ါအပြင် နှစ်ဦးသားလှုပ်ရှားသွားလာရာမှာလည်း အတတ်နိုင်ဆုံး တိတ်တဆိတ်လှုပ်ရှားခဲ့ကြတာဖြစ်ပါတယ်။ မီဒီယာတွေကိုရှောင်ရှားချင်တဲ့အတွက် ရုပ်ဖျက်သွားလာတာမျိုးတွေကို ပြုလုပ်ခဲ့ပြီး လတ်တလောမှာလည်း မျက်နှာတွေကို ကွယ်ဝှက်ကာ သွားလာခဲ့ပေမယ့် မီဒီယာအချို့က သူတို့နှစ်ဦးရဲ့ပုံရိပ်တွေကို အမိအရ ရိုက်ယူထားနိုင်ခဲ့တာကြောင့် မီဒီယာစာမျက်နှာတွေပေါ်မှာ ဓာတ်ပုံနဲ့အတူ ရေးသားဖော်ပြခြင်းခံခဲ့ရပြန်တာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ စနေနေ့မှာတော့ နယူးယော့ခ်မှာရှိတဲ့ တေလာဆွစ်ရဲ့ တိုက်ခန်းကနေထွက်ခွာလာတဲ့ တေလာဆွစ်နဲ့ သူ့ရဲ့ချစ်သူ ဂျိုးအော်ဝင်န်တို့ကို မီဒီယာတွေက ဓာတ်ပုံရိုက်ယူထားနိုင်ခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးဟာ အားကစားဝတ်စုံတွေနဲ့ ကျောပိုးအိတ်တစ်လုံးစီကို လွယ်ထားတာတွေ့ရပြီး အားကစားခန်းမတစ်ခုကို သွားကြမှာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီလိုနေအိမ်ကနေထွက်ခွာရာမှာ မီဒီယာတွေသတိမထားမိစေဖို့ ကြယ်ပွင့်စုံတွဲဟာ ကြီးမားတဲ့ထီးကြီးကို အကာအကွယ်ယူကာ သူတို့ရဲ့ကားရှိရာကို သွားရောက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ နှစ်ဦးစလုံးဟာ ခေါင်းစွပ်တွေပါတဲ့အကျီင်္ကြီးတွေကို ဝတ်ဆင်ထားကြပြီး မျက်နှာတွေကို အကျီင်္ခေါင်းစွပ်တွေနဲ့ ဖုံးအုပ်ထားဖို့လည်း ကြိုးပမ်းခဲ့ကြပါတယ်။ တေလာဆွစ်ကတော့ ကားဆီသို့သွားရာလမ်းတစ်လျှောက်မှာ အောက်ကြမ်းပြင်ကိုသာ မျက်နှာမူထားရင်း လျှောက်လှမ်းလာကာ ချစ်သူရဲ့လက်မောင်းကိုလည်း တွဲကာလိုက်ပါလာခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျိုးအော်ဝင်န်ကတော့ တေလာလိုအကျီင်္နဲ့ ဖုံးကွယ်ဖို့ကြိုးပမ်းရင်း တစ်ချိန်တည်းမှာလည်း ကြီးမားတဲ့ထီးကြီးနဲ့ ကွယ်ဖို့လည်း ကြိုးစားခဲ့တယ်လို့ သိရပါတယ်။

လတ်တလောမှာ အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့်တေလာဆွစ်နဲ့ (၂၆) နှစ်အရွယ် မင်းသားချော ဂျိုးအော်ဝင်န်တို့ဟာ ချိန်းဆိုတွေ့ဆုံလာခဲ့ကြတာ လအတော်ကြာခဲ့ပြီဖြစ်ပေမယ့် လတ်တလောအချိန်အထိတော့ ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခြင်းမရှိသေးပါဘူး။ ဒ့ါအပြင် သူတို့နှစ်ဦးရဲ့လှုပ်ရှားမှုတွေကိုလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်မှာတောင် ထုတ်ဖော်ပြသခဲ့ခြင်း မရှိသေးကြောင်းလည်း သိရပါတယ်။

---

## Miss Global World 2017 ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇူလိုင် ၂၆**

နိုင်ငံပေါင်း ၅၀ ကျော်မှ အလှမယ်များဝင်ရောက်ယှဉ်ပြိုင်သည့် ငါးကြိမ်မြောက် Miss Global 2017 ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Orchid ဟိုတယ်၌ ကျင်းပခဲ့သော Miss Global Myanmar Organization ၏ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာ့အလှနှင့် ယဉ်ကျေးမှုကို ကမ္ဘာ့နိုင်ငံများအလယ်တွင် ဖော်ထုတ်ပြလိုသည့် ရည်ရွယ်ချက်ကြောင့် ယင်းအလှမယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီနှစ်မှ ဒီပြိုင်ပွဲကို ဦးဆောင်ပြီး စတင်ကျင်းပတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကတည်းက နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်တာပါ။ အခုအကြိမ်က သုံးကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်"ဟု Miss Global Myanmar Organization မှ နေရှင်နယ် ဒါရိုက်တာ ဖုန်းမြတ်သူက ပြောသည်။

ယခုနှစ်တွင် ကျင်းပမည့် Miss Global Myanmar 2017 ပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံတစ်ဝန်းမှ လှပျိုဖြူများအနေဖြင့် ဩဂုတ် ၁ ရက်မှစတင်ကာ စက်တင်ဘာ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ ပွင့်ဦး Showrooms များတွင် လျှောက်လွှာများကို ဝယ်ယူနိုင်ပြီး လူတွေ့စစ်ဆေးမှုများကို စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်သွားမည်ဟု သိရသည်။

စက်တင်ဘာ ၂၃ ရက်တွင် နောက်ဆုံးဖိုင်နယ် အလှမယ် ၂၀ ကို ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ပြီးသော နောက်ဆုံးဖိုင်နယ် အလှမယ် ၂၀ ကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ပြည်တွင်း ပြည်ပ အတွေ့အကြုံရှိ ဆရာများနှင့် Camp သွင်းလေ့ကျင့်သွားမည်ဖြစ်သည်။ နောက်ဆုံး Miss Global Myanmar 2017 အလှမယ်သရဖူဆုရှင်ကို အောက်တိုဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံကြီး၌ ကျင်းပသွားမည်ဟု သိရသည်။

**မေနှင်းဆီ**

**ဓာတ်ပုံ-မီချီကိုဟန်**



**Miss Global Myanmar 2016 ပြိုင်ပွဲမှ သရဖူဆုရှင် အလှမယ် ဆုပွင့်ဦး။**

**သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ ဩဂုတ်လ ၁၈၊ ၁၉၊ ၂၀ (၈၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇူလိုင်လ ၂၂ ရက်တွင် စတင်လက်ခံ၍ ဩဂုတ်လ ၁၇၊ ၁၈၊ ၁၉၊ ၂၀ ရက်များတွင် ၈၂-ကြိမ်မြောက် ဦးရေ (၁၀၄၅၀)ပြည့် မျက်စိခွဲစိတ်အလင်းဒါနကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် မျက်စိအထူးကုဆရာဝန်ကြီးများ၏လုပ်အားဒါနဖြင့် ပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင် အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
**လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊** ပြည်သာယာ၊ ရန်တင်း။ (ကျိုက္ကဆံဘုရားလမ်း။ တာမွေလေး၊ သဲလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်ခေမာသီရိလက်ာရ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရွှေပြည်ကိန်းစေ လှူဒါန်းလေ**

မင်္ဂလာဒုံ၊ ပျဉ်းမပင်မြသီတာရပ်ကွက်၌ တည်ဆောက်လျက်ရှိသော သီတဂူရွှေပြည်ဟိန်းသာသနဝန်ဆောင်ကျောင်း လေးထပ်သံဃာဆောင်၌ ဖော်ပြပါအလှူများ ပါဝင်လှူဒါန်းကာ သားစဉ်မြေးဆက် ကုသိုလ်အမွေပေးနိုင်ကြပါကြောင်း …

| | | |
|---|---|---|
| - ပင်မရေဂါလန် (၃)သိန်းဆံ့ရေလှောင်ကန်တစ်စုလျှင် ကျပ် | | ၃၀၀၀၀ |
| - ၃၃' ပတ်လည်အကျယ် တစ်ထပ်လျှင် ကျပ်သိန်း (၁၀၀) | | ၁၀၀၀၀၀၀၀ |
| - မျက်နှာကျက် (၁၀'x၁၀') တစ်ကွင်း | ကျပ် (၃)သိန်း | ၃၀၀၀၀၀ |
| - စတီးဝရံတာတစ်ခန်းလျှင် | ကျပ် (၁)သိန်း | ၁၀၀၀၀၀ |
| - ဂါလန် (၃၀၀)ဆံ့ ဖိုက်ဘာတန် | ကျပ် (၂)သိန်း | ၂၀၀၀၀၀ |
| - စတီးတံတိုင်း တစ်ခန်းလျှင် | ကျပ် (၂)သိန်းခွဲ | ၂၅၀၀၀၀ |
| - ပြတင်းပေါက် တစ်ခန်းလျှင် | ကျပ် (၅)သိန်း | ၅၀၀၀၀၀ |
| - ကွန်ကရစ်လမ်းခင်း အလှူ | ကျပ် (၃)သောင်း | ၃၀၀၀၀ |

**ဌာန-ရွှေပြည်ဟိန်းကျောင်း၊** ပြည်သာယာ၊ ရန်တင်း။ ILBC အနီး၊ တာမွေလေးသံလမ်း။ ဖုန်း – ၀၉-၅၁၀၂၁၉၇၊ ၀၁-၅၄၁၄၉၃
**သီတဂူရွှေပြည်ဟိန်းကျောင်း၊** လှော်ကားဓာတ်အားခွဲရုံအနီး၊ ပြည်လမ်းမ၊ မင်္ဂလာဒုံ၊ ဇေတဝန်မဏ္ဍာရုံကျောင်းဘေး။ ဖုန်း – ၀၉-၄၃၀၉၆၄၈၁
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ Account No: 00750100701690301 ဘဏ်စာရင်းသို့ လှူဒါန်းနိုင်ပါသည်။

**ar;ouGmZfef**

ရွှေပြည်သာမြို့နယ် အထက(၁) ရွှေပြည်သာ၊ ဒသမတန်းမှ ဦးမြင့်ဦး [၁၂/အစန(နိုင်)၁၂၂၆၆၉]၏သမီးဖြစ်သူ မဆုမွန်ဦး၏ မွေးသက္ကရာဇ်မှန်မှာ ၁၈-၁၂-၂၀၀၁ ဖြစ်ပါကြောင်း။

**zcifrnfef**

ကျောက်တန်းမြို့နယ်၊ အထက (ခနောင်)၊နဝမတန်း A အတွဲ(၁)မအိဝင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဆယ်တုတ်[၁၂/ကတန(နိုင်)၀၃၃၈၅၅] ဖြစ်ပါကြောင်း။









ရဲရွာတမံနှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ရဲရွာတမံရှုရပ်မှနေ၍ ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုစဉ်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အောင်မြေမန္တလာ နိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနား တက်ရောက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းအား ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်တည်ဆောက်မည့် အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာစီမံကိန်း ပန္နက်တော်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှိ စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒

# တရုတ်နှင့် ပါကစ္စတန်မှ မန်ကျည်းအပြိုင်ဝယ်ယူနေ၍ ဈေးနှုန်းမြင့်တက်

**မန္တလေး ဇူလိုင် ၂၆**

မြန်မာ့ထွက်ကုန်မန်ကျည်းများအား အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ အပြိုင်ဝယ်ယူလာမှုကြောင့် မန္တလေးဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

"မြန်မာ့ဆိုရိုးစကားက မန်ကျည်းတစ်လှည့် ဆီးတစ်လှည့်ဆိုပေမယ့် ဆီးရော မန်ကျည်းပါ ထူးထူးခြားခြားပဲ နှစ်နှစ်ဆက်တိုက် ဈေးကောင်းရနေတယ်။ ဒီအချိန်က မန်ကျည်းရာသီမဟုတ်တော့ လှောင်သမားတွေလက်ထဲမှာပဲရှိတဲ့အတွက် ထုံးစံအတိုင်း ဝယ်အားပေါ်မှုတည်ပြီး ဈေးကစားတော့ ဈေးတက်သွားတာပါ"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

အဆိုပါ မန်ကျည်းထွက်ကုန်မှာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



## ဧရာဝတီ၊စစ်တောင်း၊ငဝန်၊တိုး

# မြစ်ရေအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

**ဧရာဝတီ** - ယနေ့နံနက် ၁၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း ဟင်္သာတမြို့နှင့် နောက်သုံးရက်အတွင်း ဇလွန်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**စစ်တောင်း** - စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်** - ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် သုံးပေခန့်နှင့် သာပေါင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုး** - တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

